# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်နေ့၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၈၇)


## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

## အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အသက်နဲ့လဲကာကွယ်



နိုင်ငံတစ်နိုင်ငံရဲ့ အသက်သွေးကြောဟာ အချုပ်အခြာအာဏာပဲဖြစ်တယ်။ ဥပဒေပြုရေးအာဏာနဲ့ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုတဲ့ အာဏာသုံးရပ်ဟာ အချုပ်အခြာအာဏာလို့ နားလည်ထားရမယ်။ ဒီအာဏာသုံးရပ်ဟာ ကိုယ့်နိုင်ငံသား ကိုယ့်လူမျိုးများရဲ့ လက်ထဲမှာပဲ ရှိနေရမယ်။ ဘယ်တိုင်းတစ်ပါးသားရဲ့ လက်ထဲကိုမှ တိုက်ရိုက်ပဲဖြစ်စေ၊ သွယ်ဝိုက်၍ပဲဖြစ်စေ ထည့်မထားနိုင်ဘူး။ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို သူတစ်ပါးက တစ်နည်းနည်းနဲ့ ဩဇာလွှမ်းမိုးနေပြီဆိုရင် ဒါဟာ ကိုလိုနီလက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းနဲ့ ကျွန်ပြုခြင်းကို ခံနေရပြီလို့ မှတ်ရမယ်။ ဒီတော့ တပ်မတော်ဟာ နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသက်နဲ့လဲပြီး ကာကွယ်သွားရမှာဖြစ်တယ်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

# ပြင်ဦးလွင်ဆေးဝါးစက်ရုံပြီးစီးပါက တိုင်းပြည်၏ဆေးဝါးလိုအပ်ချက် တိုးမြှင့်ဖြည့်ဆည်းပေးနိုင်မည်
# ဆေးဝါးအရည်အသွေး အဆင့်အတန်းမြှင့်မားရေးနှင့် စျေးနှုန်းသက်သာရေးအလေးထား
# အစွမ်းထက်မြန်မာတိုင်းရင်းဆေးဝါးများ အဆင့်အတန်းရှိရှိထုတ်လုပ်နိုင်ရေးကြိုးပမ်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ✡



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ မြန်မာ့အလင်း ဝတ္ထုကဗျာ ကာတွန်း ... 


❐ "နှံ့နှစ်ခဲ့ရဖူးသည်"
ခွန်ရဲသွေး(အေးသာယာ)၏ ကဗျာ (စာ–၃)

❐ "ဘာဖြစ်လို့ သားသားတို့ရဲ့နိုင်ငံကို နယ်ချဲ့တွေက ကျူးကျော်သိမ်းပိုက်နိုင်ခဲ့တာလဲ"
ကာတွန်းဗချီ၏ ကာတွန်း (စာ–၃)

❐ "စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ပေးထားသော စက်ရုံအလုပ်ရုံများ"
ခေတ်ပုံမှတ်တမ်း (စာ–၇)

❐ "နယ်ချဲ့ပရိယာယ်ကို ယုံမှတ်၍ ပုံအပ်ခဲ့သော ပြည်ပ အားကိုးသော အမျိုးသားသစ္စာဖောက်များ၏ မှားယွင်းသော အတွေးအခေါ် ဆောင်ရွက်ချက်များ အပါအဝင် အမျိုးသားစည်းလုံးညီညွတ်ရေး အားနည်းမှုနှင့် အထွေထွေ ခေတ်နောက်ကျမှုများသည် သူ့ကျွန်အဖြစ် နှံ့နှစ်ခဲ့ရသော အကြောင်းရင်းများပင်ဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။"
ကေတုနီလာ၏ ဆောင်းပါး (စာ ၈–၉)


**နိုင်ငံတော်ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

# ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး မျိုးဆက်သစ်လူငယ်များ သိပ္ပံနှင့်နည်းပညာများ ဆည်းပူးလေ့လာ

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသစ်တွေ့ရှိမှုများသည် လျင်မြန်စွာ တိုးတက်ပြောင်းလဲဖြစ်ပေါ်လျက် ရှိသည်။ တီထွင်မှုတစ်ရပ်သည် ဆန်းသစ်သည့် အနေအထားတွင် ခေတ္တခဏသာရှိနိုင်ပြီး အသစ်ထပ်မံတွေ့ရှိချက်၏ တွန်းထိုးဖယ်ရှားမှုကို အချိန်တိုအတွင်း ရင်ဆိုင်တွေ့ရှိရတတ်သည်။

ထို့ကြောင့် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များသည် အချိန်နှင့်အမျှ လေ့လာဆည်းပူးခြင်း၊ ပညာဗဟုသုတများ စုဆောင်းခြင်း၊ အတုမြင်အတတ်သင် ဆိုသကဲ့သို့ စမ်းသပ်လုပ်ကိုင်ကြည့်ခြင်း၊ ကိုယ်ပိုင်တီထွင်မှုပြုခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

တီထွင်မှုသမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သည့် သိပ္ပံပညာရှင်ကြီးများသည် ဖွဲ၊လုံ့လ၊ဝီရိယ ကြီးမားကြသည်။ အံ့သြဘနန်းတီထွင်မှုများသည် ကိုယ်ပိုင်စွမ်းအားကြောင့် ရရှိခြင်းထက် ဖွဲ၊ လုံ့လကြောင့် ရရှိခဲ့ခြင်းဖြစ်၍ မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များသည် မြန်မာနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲသတ္တိကြီးမားကြရန် လိုအပ်ပေသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ တပ်မတော် နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ဒီဇင်ဘာလ ၂၄ ရက်က ကျင်းပသော တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားရာ၌–

> **“ရဲဘော်တို့ဟာ တပ်မတော်ရဲ့ သိပ္ပံနှင့် နည်းပညာအခန်းကဏ္ဍ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရင်း တစ်ဖက်က ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြရမယ့် လူသားအရင်းအမြစ်များ ဖြစ်ကြတယ်။ ဒါ့ကြောင့် ရဲဘော်တို့ဟာ အရပ်ရှိမှ အရိပ်ထွက်တယ်ဆိုတဲ့ စကားအတိုင်း ပင်ကိုအရည်အချင်းမြင့်မားအောင် ကြိုးစားကြမှ တို့နိုင်ငံကို စက်မှုနိုင်ငံအဖြစ်တည်ဆောက်ရာမှာ မြန်ဆန်စွာတိုးတက် ဖြစ်ထွန်းမှာ ဖြစ်ကြောင်း”**

လမ်းညွှန်မိန့်ကြားခဲ့သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးသည်နှင့် တစ်ပြိုင်နက် အမျိုးသားစည်းလုံးညီညွတ်မှု ဆိုးဆိုးရွားရွားပျက်ပြားသွားပြီး နိုင်ငံတော်အေးချမ်းသာယာမှု ကင်းမဲ့သွားခဲ့ရသည်။ စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာ့စီးပွားရေးသည် တိုးပွားလာသည့် လူဦးရေအတွက် လုံလောက်ခြင်းမရှိတော့သည့် အခြေအနေကို ရောက်ရှိသွားခဲ့သည်။

ယင်းအချိန်ကာလတွင် အခြားနိုင်ငံများသည် စက်မှုစီးပွားရေးဘဝကို ရရှိနေကြပြီ ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အရင်းအနှီးလက်မဲ့ဖြစ်ပြီး လမ်းစပျောက်ကာ ခေတ်နောက်တွင် ကျန်ရစ်ခဲ့သည်။ နောက်ဆုံးတွင် စီးပွားရေးကြောင့် နိုင်ငံယိုယွင်းသည့်အခြေအနေကို ရောက်ရှိခဲ့သည်။

ထိုသို့ယိုယွင်းနေသော အခြေအနေကို ထိန်းသိမ်းနိုင်ရန် တပ်မတော်သည် နိုင်ငံတော်တာဝန်ကို ရယူလိုက်ရသည်။ တပ်မတော်သည် နိုင်ငံတော်၏ အရင်းအနှီးမဲ့ဖြစ်နေသည့် စီးပွားရေးကို ပြန်လည်ထူထောင်ရာတွင် ရှိရင်းစွဲ လယ်ယာကဏ္ဍအပေါ် အခြေခံ၍ စက်မှုနိုင်ငံဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း သိပ္ပံနှင့်နည်းပညာကဏ္ဍ တိုးတက်မြင့်မားအောင် ကြိုးပမ်းလျက်ရှိသည်။ စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်မွေးထုတ်ပေးနေခြင်း ဖြစ်သည်။ တစ်နိုင်ငံလုံးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လူ့စွမ်းအားအရင်းအမြစ် အခြေခံအဆောက်အအုံများ ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ တိုင်းရင်းသားမျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိဒေသမှာပင် သိပ္ပံနှင့်နည်းပညာများ သင်ယူနိုင်ကြပြီ ဖြစ်သည်။

သို့ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် မျိုးဆက်သစ်လူငယ်များက သိပ္ပံနှင့်နည်းပညာများ ဆည်းပူးလေ့လာပြီး နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

**၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။**

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

**(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။**

**(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။**

**(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။**

**(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။**

**(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။**

## တရုတ်–ဗင်နီဇွဲလား မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေး နှစ်နိုင်ငံသမ္မတများ ဆွေးနွေးပြောကြား

ပေကျင်း ဒီဇင်ဘာ ၂၄

**တရုတ်–ဗင်နီဇွဲလား ပိုမိုအဆင့်မြင့်သော မဟာဗျူဟာ ပေါင်းဖော်ဖက် ဖြစ်လာစေရန်အတွက် တရုတ်နိုင်ငံက ဗင်နီဇွဲလားနိုင်ငံနှင့် လက်တွဲသွားလိုကြောင်း တရုတ်နိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသည့် ဗင်နီဇွဲလားသမ္မတ ဟူဂိုရာဖေယယ်လ်ရှာဗက်ဇ်ဖရီယာ့စ်နှင့် ပေကျင်း၌ ကြာသပတေးနေ့က ဆွေးနွေးစဉ် သမ္မတ ဟူကျင်တောင်က ပြောကြားလိုက်သည်။**

လွန်ခဲ့သည့် နှစ်၃၀ကစပြီး သံတမန်ထူထောင်ခဲ့စဉ် နှစ်နိုင်ငံလုပ်ဆောင်ခဲ့သော အောင်မြင်မှုများကို သမ္မတ ဟူကချီးကျူး ပြောဆိုသည်။

နှစ်၃၀အတွင်း အထူးသဖြင့် သမ္မတရှာဗက်ဇ် သမ္မတဖြစ်လာချိန်ကစပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနက်ရှိုင်းလာခဲ့ပြီး အဆင့်မြင့် လည်ပတ်မှုများ ပိုမိုလာခဲ့သည်ဟု သမ္မတ ဟူက ပြောကြားသည်။

နှစ်နိုင်ငံသည် အပြန်အလှန် နားလည်သဘောပေါက်မှုနှင့် နိုင်ငံရေးယုံကြည်ကိုးစားမှုများ တိုးမြင့်လာခဲ့ပြီး ကုန်သွယ်မှုလည်း တိုးချဲ့ခဲ့သည်။ ထို့ပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုကျယ်ပြန့်လာကာ နိုင်ငံတကာအရေးကိစ္စများတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဗင်နီဇွဲလား–တရုတ်ဆက်ဆံရေးသည် လွန်ခဲ့သည့် နှစ်၃၀အတွင်း ကျစ်လျစ်ခိုင်မာခဲ့ပြီး နှစ်နိုင်ငံသည် စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် နည်းပညာရပ်များတွင် အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ခဲ့ကြကြောင်း သမ္မတဟူနှင့် ဆွေးနွေးစဉ် သမ္မတရှာဗက်ဇ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## တတ်ပုံနှင့်ဆက်စပ် ပစ္စည်းများပြပွဲ တရုတ်နိုင်ငံ၌ ကျင်းပမည်

**ပေကျင်း ဒီဇင်ဘာ ၂၄**

ရှစ်ကြိမ်မြောက် တရုတ်နိုင်ငံတကာဆိုင်ရာ ဓာတ်ပုံနှင့်အီလက်ထရွန်းနစ် ပုံကူးစက်နည်းပညာ ပြပွဲတစ်ရပ်ကို လာမည့်ဧပြီလတွင် တရုတ်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသည် ဓာတ်ပုံဆရာများ၊ ဓာတ်ပုံကူးသူများအတွက် လုပ်ငန်းတွင် နောက်ဆုံးပေါ်နည်းပညာများကို သိရှိရန် အခွင့်အလမ်းကောင်း တစ်ရပ်ဖြစ်ကြောင်း၊ နည်းပညာများဖလှယ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့် ဓာတ်ပုံပြပွဲများလည်း ပါဝင်မည် ဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

## ကုန်သွယ်ရေးနှင့် အခြားကဏ္ဍများ အိန္ဒိယနှင့်စာချုပ်ရန် မလေးရှားနိုင်ငံမျှော်လင့်ဟု ဝန်ကြီးချုပ်ဘာဒါဝီပြောကြား

**ဘန်ဂလို ဒီဇင်ဘာ ၂၄**

မလေးရှားနိုင်ငံသည် လာမည့်နှစ်တွင် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရေးအပြင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ကမ်းလှမ်းချက်များဖြစ်သည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးကဲ့သို့သော ကဏ္ဍများတွင် လက်မှတ်ရေးထိုးချုပ်ဆိုသွားနိုင်မည်ဟု မျှော်လင့်ရကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

နှစ်နိုင်ငံဝန်ကြီးချုပ်များသည် ကဏ္ဍစုံနှစ်ဖက်လုံးမှ ကိုယ်စားလှယ်များ၏ ကော်မတီတစ်ရပ်ဖွဲ့စည်းရန် သဘောတူညီခဲ့ကြကြောင်း ဘာဒါဝီက ဘန်ဂလိုမြို့၌ သတင်းထောက်များအား ပြောကြားသည်။ ကုန်သွယ်ရေးသည် သဘောတူညီချက်တွင် အဓိကဖြစ်ပြီး စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **(ပီတီအိုင်)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## စင်ကာပူနှင့် ကာတာနိုင်ငံ ပထမအကြိမ် အက်ဖ်တီအေဆွေးနွေး

စင်ကာပူ ဒီဇင်ဘာ ၂၄

**စင်ကာပူနှင့် ကာတာနိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်ရေးကင်းလွတ်မှု သဘောတူညီချက် (အက်ဖ်တီအေ)ဆိုင်ရာ ပထမအကြိမ် စေ့စပ်ဆွေးနွေးမှုများ စင်ကာပူ၌ ကြာသပတေးနေ့က ပြုလုပ်သည်။**

ကာတာစီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးနှင့် စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးတို့သည် နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးရာတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အစိုးရကိစ္စရပ်များ အဓိကထားဆွေးနွေးခဲ့ကြကြောင်း ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

အက်ဖ်တီအေကို ဒေသတစ်ခုနှင့်တစ်ခု အပြန်အလှန် ကုမ္ပဏီများရင်းနှီးမြှုပ်နှံမှုများ အနာဂတ်တွင်ပြုလုပ်သွားခြင်းဖြင့် နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးဆက်ဆံမှုများ တိုးပွားအောင် လုပ်ဆောင်သွားမည်ဖြစ် ကြောင်း၊ နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးသည် လာမည့်နှစ် ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ဒုတိယအကြိမ် ဆွေးနွေးမှုများ ပြုလုပ်မည်ဟု မျှော်လင့်ရကြောင်း၊ ၂၀၀၅ခုနှစ် နှစ်လယ်တွင် အက်ဖ်တီအေ အောင်မြင်ပြီးဆုံးစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံသည် အမေရိကန် ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဂျော်ဒန်နှင့် နယူးဇီလန်နိုင်ငံများဖြင့် အက်ဖ်တီအေကို လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ အခြားသောနိုင်ငံအချို့နှင့်လည်း အက်ဖ်တီအေစေ့စပ်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရေကူးအသံလွှင့်စက်ရုံ ကြည့်ရှုစစ်ဆေး စက်ပစ္စည်းများဂရုတစိုက်ထိန်းသိမ်းကိုင်တွယ်အသုံးပြုရေးမှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၅

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသံလွှင့်စက်ရုံသို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မီးဘေးကာကွယ်ရေး အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီရောက်ပြီဖြစ်၍ စက်ရုံတွင်း မီးအန္တရာယ်ဂရုစိုက်ရေး၊ တောမီးမှကူးစက် လောင်ကျွမ်းမှုမရှိရေးအတွက် စက်ရုံခြံစည်းရိုးအပြင်ဘက်တစ်လျှောက် မီးတားလမ်းဖောက်လုပ်ပြီး ကိုင်းပင်နှင့်မြက်ခြောက်များ အမြန်ရှင်းလင်းရေး၊ စက်ရုံပတ်လည်မြေကွက်လပ်အလွတ်များတွင် စားသုံးသီးနှံပင်များစိုက်ပျိုးရေး၊ ဒေသကြက်များ တစ်ပိုင်တစ်နိုင်မွေးမြူရေး၊ စက်ရုံဝင်းအတွင်း၌ထားသော စက်ရုံအမာထည်သံပစ္စည်းများ ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုမရှိအောင် အမိုးအကာအောက်ထားရှိရေးတို့ကို မှာကြားသည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ ဝန်ကြီးသည် အသံလွှင့်စက်ရုံများအတွင်း လှည့်လည်စစ်ဆေးရာ အင်ဂျင်နီယာချုပ်နှင့် ဝန်ထမ်းများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက စက်ပစ္စည်းများကို ဂရုတစိုက် ထိန်းသိမ်းကိုင်တွယ်အသုံးပြုကြရန်၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်စက်ကြံ့ခိုင်ရေးများ မပျက်မကွက်ပြုလုပ်ရန်၊ စက်ရုံအတွင်း လျှပ်စစ် ဝါယာသွယ်တန်းမှုမှ မီးလောင်မှုမဖြစ်စေရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ကျွမ်းကျင်သူများအား ညှိနှိုင်းခေါ်ယူပြီး ပူးပေါင်းစစ်ဆေး၍ ပြုပြင်ရန်ရှိသည်များ အမြန်ပြုပြင်ရန်၊ စက်ရုံအတွင်း သန့်ရှင်းရေးနေ့စဉ်ပြုလုပ်ရန်၊ စက်ရုံအတွင်း ပန်းအလှပင်များအား လှပဝေဆာအောင် ဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် လုံခြုံရေးတာဝန်ရှိသူများအားတွေ့ဆုံ၍ စက်ရုံလုံခြုံရေးကို အထူးဂရုပြုကြရန်၊ စက်ရုံအတွင်း လူနှင့်ပစ္စည်းဝင်ထွက်မှုကို ဂိတ်မှ သေချာစစ်ဆေးဆောင်ရွက်ရန်၊ နေ့ညလုံခြုံရေးတာဝန်များ ချထားပြီး ဝန်ထမ်းအားလုံးက လုံခြုံရေးအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်မှာကြားကာ စက်ရုံမှ နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နှံ့နှစ်ခဲ့ရဖူးသည်

❒ မြန်မာတွေ ကျွန် အဖြစ်ရယ်နဲ့
နှံ့နှစ်ခဲ့ ရဖူးသည်။

❒ သိပ် မဝေးပါဘူး
အတိတ်ရှေး မြင်ယောင်လျှင်ဖြင့်
ဒို့ပြည်ထောင် တစ်စစီ ပဲ့အောင်လို့
နယ်ချဲ့ မာယာ ဆောင်လို့
ထောင်ချောက်ဆင် ပရိယာယ် အထူးရယ်နဲ့
ကျူးကျော်ခဲ့သည်။

❒ သိုးငယ်ကို ဝံပုလွေညစ်ရယ်က
အပြစ်ရှာ သလိုပ
ဒို့မြေကို ပြိုအောင်ခွဲပါခဲ့
အသည်းနာစရာ အဖြစ် မဟောင်းသေးပါဘူး
"ကောင်းတာဆို သူတို့အတွက်
ညွန့်ပေ့ဆို သူတို့လက်"
တဲပျက်မှာ ကွဲအက် ပန်းကန် အညစ်ရယ်နဲ့
ဖြစ်သလိုနေ ဖြစ်သလိုစားပါလို့
အားငယ်ခဲ့ ရဖူးသည်
ဒို့မြန်မာပြည်ရဲ့ ပြည်သူများ။

❒ သတိထား ဟေ့ နော်
အဆီစားကာ အသားမျိုဝါးဖူးတာမို့
ကြောင်ဖား မြီးတံတိုက
အခုဆို အကွက်ချောင်းပါလို့
အကွက်ကောင်းလျှင် ခေတ်သစ်နည်းတွေနဲ့
ဒို့ပြည်ကြီး တစ်ဖန်ပြန်ဖွဲ့ပါလို့
နယ်ချဲ့ရန် အကြံထုတ်ဆဲပေမို့
လက်တွဲမဖြုတ် ကြပါနဲ့
"တစ်ခါခံ ပြုသူအပြစ်
နှစ်ခါခံ ခံသူ အပြစ်ပါတဲ့"
လူညစ် လူကလိမ်တို့
ဒို့အိမ်မြေ အခြေမချစေဖို့
တက်ကြွအမှန် မျိုးမာန်နှိုးလို့
ကြိုးပမ်းစို့လား။ ။

ခွန်ရဲသွေး(အေးသာယာ)



# ကျောက်ဖြူအသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ကျောက်ဖြူအသင်း (ရန်ကုန်)၏နှစ်ပတ်လည်စည်းဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၃ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီခွဲတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်သားသမီးများကျောက်ဖြူခရိုင်အတွင်း မှပညာရေး၊ လူမှုရေး၊ စာပေအနုပညာနှင့်အားကစားကဏ္ဍအသီးသီးတို့တွင် ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့်ထူးချွန်ဆုရရှိသူများ၊အသက် (၇၅)နှစ်နှင့်အထက်အသင်းဝင်သက်ကြီးပုဂ္ဂိုလ်များအားလုံးတို့သည် လိုအပ်သောအထောက်အထားများကို ဦးဘရွှေ ဖုန်း-၅၇၂၀၈၂၊ ၀၉-၉၉-၂၄၇၁၃၊ ဦးစံမြ ဖုန်း-၂၈၅၁၁၆၊ ဦးခင်မောင်မြင့် ဖုန်း-၇၂၃၀၈၄၊ ၃၇၁၆၉၆၊ ဦးဘသိန်း ဖုန်း-၅၇၀၄၂၈၊ ဒေါ်ပုမေ ဖုန်း-၂၉၁၂၁၇၊ ဒေါ်တင်တင်အောင် ဖုန်း-၆၅၁၉၁၁၊ ဒေါ်ခင်ကြည် ဖုန်း-၅၈၀၃၇၈တို့သို့ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# ဆေးတက္ကသိုလ်(၁) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

၁၉၆၅ ခုနှစ်က ဆေးတက္ကသိုလ်(၁)သို့ ဝင်ရောက်ခဲ့ကြသော ကျောင်းသူကျောင်းသားဟောင်းများ၏ မိတ်ဆုံပွဲကို ဇန်နဝါရီ၈ရက် (စနေနေ့) မွန်းတည့်၁၂နာရီတွင်လည်းကောင်း၊ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီခွဲတွင် လည်းကောင်းကျင်းပမည်ဖြစ်ရာ သက်ဆိုင်ရာပုဂ္ဂိုလ်များ ဖိတ်စာမရသော်လည်းတက်ရောက်ကြရန်နှင့် ဒေါက်တာလဲ့လဲ့ရီ ဖုန်း-၂၂၁၃၀၂၊ ဒေါက်တာကျော်မင်း ဖုန်း-၃၈၀၁၂၈၊ ၀၉-၉၉-၂၁၈၄၅၊ ဒေါက်တာလှိုင်စိုးဝယ် ဖုန်း-၇၂၃၇၀၁၊ ဒေါက်တာဝင်းမောင် ဖုန်း-၀၉-၅၀-၂၂၇၁၈၊ ဒေါက်တာမင်းဆွေ ဖုန်း-၃၇၉၀၀၁၊ ဒေါက်တာသိန်းဝင်းနိုင် ဖုန်း-၇၀၄၀၀၅၊ ဒေါက်တာခင်မီဟန်ဖုန်း-၇၀၀၆၈၃၊ ဒေါက်တာချိုချိုမြင့် ဖုန်း-၀၉-၅၀-၀၇၀၉၃တို့သို့ ဆက်သွယ်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**





**လမ်းညွှန်မှာကြား**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ အနီးစခန်းလေယာဉ်ကွင်းတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။**

(သတင်းစဉ်)

✡ ***ရွှေဖုံးမှ***

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဒီဇင်ဘာ၂၃ရက် နံနက်၁၀နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အနီးစခန်းလေယာဉ်ကွင်းတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက အနီးစခန်း





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အနီးစခန်းလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လေယာဉ်ကွင်းသစ် တည်ဆောက်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

လေယာဉ်ကွင်း၏ နောက်ခံသမိုင်းကြောင်းနှင့် လေယာဉ်ကွင်းသစ် တည်ဆောက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းက အနီးစခန်းလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် တောရှင်းခြင်းလုပ်ငန်း၊ အပေါ်ယံမြေလွှာဖယ်ရှားခြင်းနှင့် ဖို့မြေဖို့ခြင်းလုပ်ငန်း၊ စည်သာချောင်းနှင့် ဆင်ခေါင်းကြီးချောင်းတို့ကို ချောင်းလွှဲပြုလုပ်၍ ဒိုးပင်ချောင်းသို့စီးဝင်ရေး ဆောင်ရွက်မှုလုပ်ငန်းများ ပြီးစီးမှုအခြေအနေများ၊ လေယာဉ်ပြေးလမ်း ကွန်ကရစ်ခင်းရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတွင် စက်ယန္တရားကူညီဖြည့်တင်းပေးနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**လက်မှတ်ရေးထိုး**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးစံချိန်စံညွှန်းကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စည်သာချောင်းနှင့် ဆင်ခေါင်းကြီးချောင်းတို့ကို ချောင်းလွှဲပြုလုပ်နေမှု၊ သဲနှင့်ကျောက် စုဆောင်းထားမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အနီးစခန်းလေယာဉ်ကွင်းဟောင်း၏ ပြေးလမ်းမှာ အလျားပေ ၄၄၅၀၊ အကျယ်ပေ ၂၀၀ ရှိသည့် မြေရောကျောက်စရစ်ခင်း ပြေးလမ်းအမျိုးအစားဖြစ်သည်။

**ကွန်ကရစ်ခင်းလေယာဉ်ပြေးလမ်း**

အနီးစခန်းလေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းအရ အလျားပေ ၁၀၀၀၀၊ အကျယ်ပေ ၂၀၀ရှိ ဘိုးရင်း ၇၄၇–၄၀၀ လေယာဉ်များ ဆင်းတက်နိုင်သည့် ကွန်ကရစ်ခင်းလေယာဉ်ပြေးလမ်းအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

လေယာဉ်ပြေးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပထမအဆင့်အဖြစ် အလျားပေ၆၅၀၀၊ အကျယ်ပေ၂၀၀ရှိ လေယာဉ်ပြေးလမ်းကို ရှေးဦးစွာ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ဆေးဝါးစက်ရုံရောက်ရှိ**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အနီးစခန်းလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးစက်ရုံ စီမံကိန်း (ပြင်ဦးလွင်)သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးစက်ရုံ စီမံကိန်း(ပြင်ဦးလွင်)၏ တည်နေရာ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ ပထမအဆင့် တည်ဆောက်ပြီးစက်ရုံ အဆောက်အအုံများနှင့် စက်များတပ်ဆင်ပြီးစီးမှု၊ ဆေးဝါးအမျိုးမျိုး ထုတ်လုပ်သွားနိုင်မည့် အခြေအနေများ၊ ဆေးဝါးစက်ရုံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စီမံကိန်းများပြီးစီးပါက ပြည်သူများအတွက် ဆေးဝါးများဖြည့်ဆည်းပေးနိုင်မည့်အခြေအနေ၊ ထုတ်လုပ်သွားမည့် ဆေးဝါးအမျိုးမျိုးတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ လက်ထောက်စက်ရုံမှူး ဒေါက်တာအောင်ငွေဦးက ထုတ်လုပ်သွားမည့် ဆေးအမယ်အမျိုးအစားများကို ရှင်းလင်းတင်ပြသည်။

**ထုတ်လုပ်မှုစရိတ်လျှော့ချ**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြင်ဦးလွင်ဆေးဝါးစက်ရုံ ပြီးစီးသွားပါက တိုင်းပြည်၏ ဆေးဝါးလိုအပ်ချက်များကို တိုးမြှင့်ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ရာ ဆေးဝါးများ၏ အရည်အသွေး၊ အဆင့်အတန်းမြင့်မားနေအောင် အလေးထားဂရုပြုရန် လိုအပ်သကဲ့သို့ ဈေးနှုန်းသက်သာအောင်လည်း ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်တို့ကို လျှော့ချရန်လိုကြောင်း။

**အဆင့်အတန်းရှိရှိ**

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)နှင့်ပူးပေါင်း၍ အစွမ်းထက်မြက်သော မြန်မာတိုင်းရင်းဆေးများကိုပါ အဆင့်အတန်းရှိရှိ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

**မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အနီးစခန်းလေယာဉ်ကွင်းသစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။**

(သတင်းစဉ်)



# ပရဆေးပင်အလိုက် အစွမ်းထက်မြက်မှုစနစ်တကျသုတေသနပြုလုပ် ခိုင်မာစွာစမ်းသပ်ပြီးပါက စီးပွားဖြစ်ထုတ်လုပ် ကျယ်ပြန့်စွာအသုံးချ

စာမျက်နှာ ၄မှ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်)ပုံစံကားချပ်ကြီးကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဦးအောင်သောင်းက ဆောက်လုပ်ပြီးစီးနေသည့် အဆောက်အအုံများကို ရှင်းလင်းပြသသည်။

## လှည့်လည်စစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ပထမအဆင့် တည်ဆောက်ပြီးစီးနေသည့် စက်ရုံအဆောက်အအုံများ၊ တပ်ဆင်ပြီးစီးနေသည့် စက်ပစ္စည်းများနှင့် စက်စမ်းသပ်လည်ပတ်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်)မှ ပထမအဆင့်ဆေးဝါးထုတ်လုပ်ခြင်းကို ၂၀၀၅ခုနှစ် မတ်လတွင် စတင်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ဒုတိယအဆင့် ဆေးဝါးထုတ်လုပ်ခြင်းကို ၂၀၀၆ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်)၏ တည်ဆောက်တပ်ဆင်ပြီးစီးနေသည့် စက်ရုံအတွင်းရှိ စက်ပစ္စည်းများနှင့် စမ်းသပ်လည်ပတ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)







စီမံကိန်းပြီးစီးပါက ပြင်ဦးလွင်ဆေးဝါးစက်ရုံမှ ဆေးပြားအမျိုး၁၀၀၊ ဆေးတောင့် ၁၇မျိုး၊ ထိုးဆေး ၆၇မျိုး၊ သွေးကြောသွင်းဆေးရည် ကိုးမျိုး၊ ဆေးရည်၁၀မျိုး၊ လိမ်းဆေးခုနစ်မျိုး၊ ဆေးမှုန့်သုံးမျိုး ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆေးဝါးစက်ရုံစီမံကိန်း (ပြင်ဦးလွင်)မှတစ်ဆင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သုတေသနပညာရှင်များနှင့်ဝန်ထမ်းများက ကြိုဆိုကြသည်။

## ရာနှုန်းပြည့်နီးပါးပြီးစီး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ခန်းမဆောင်၌ ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၏ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်)သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်ခဲ့မှုများရှိရာ အဆိုပါလမ်းညွှန်ချက်များအနက် ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများကုသရေးနှင့် ပတ်သက်၍ မြန်မာတိုင်းရင်းဆေးများကိုအသုံးပြုပြီး သုတေသနလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးပင်အမျိုးပေါင်း ၂၇၃မျိုးကိုလည်း စုဆောင်းစိုက်ပျိုးထားပြီးဖြစ်ပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြသည်။

## ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများတင်ပြ

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ဦးစီးဌာန၏ ဝန်ထမ်းအင်အား၊ ကျွမ်းကျင်ဝန်ထမ်းများရရှိရေးအတွက် သင်တန်းများသို့ ဝန်ထမ်းများအား တက်ရောက်သင်ကြားစေမှု၊ သုတေသနပြုဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊

စာမျက်နှာ ၆ ကော်လံ ၁

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်) စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးစက်ရုံစီမံကိန်း (ပြင်ဦးလွင်)၏ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

**အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။**
(သတင်းစဉ်)



- ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်)မှ ပထမအဆင့်ဆေးဝါးထုတ်လုပ်ခြင်းကို ၂၀၀၅ခုနှစ် မတ်လတွင် စတင်ဆောင်ရွက်မည်။
- ဒုတိယအဆင့် ဆေးဝါးထုတ်လုပ်ခြင်းကို ၂၀၀၆ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ဆောင်ရွက်မည်။
- စီမံကိန်းပြီးစီးပါက ပြင်ဦးလွင်ဆေးဝါး စက်ရုံမှ ဆေးပြားအမျိုး ၁၀၀၊ ဆေးတောင့် ၁၇မျိုး၊ ထိုးဆေး ၆၇မျိုး၊ သွေးကြောသွင်းဆေးရည် ကိုးမျိုး၊ ဆေးရည်၁၀မျိုး၊ လိမ်းဆေးခုနစ်မျိုး၊ ဆေးမှုန့် သုံးမျိုး ထုတ်လုပ်မည်ဖြစ်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

*စာမျက်နှာ ၅ မှ*

အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ပြည်နယ်၊ တိုင်းများ၌ ပေါက်ရောက်လျက်ရှိသော ပရဆေးပင်များကို စုံနိုင်သမျှ စုံလင်အောင် ထပ်မံစုဆောင်းစိုက်ပျိုးသွားရန် လိုကြောင်း၊ ထို့ပြင် ပရဆေးပင်အလိုက် အစွမ်းထက်မြက်မှုများကိုလည်း စနစ်တကျသုတေသနပြုလုပ်သွားကြရန်ဖြစ်ကြောင်း။

## ကျယ်ပြန့်စွာအသုံးချ

အဆိုပါ တိုင်းရင်းဆေးများ၏ အောင်မြင်မှု၊ စိတ်ချရမှုများနှင့်စပ်လျဉ်း၍ ခိုင်မာစွာ စမ်းသပ်ပြီးပါက စီးပွားဖြစ်ထုတ်လုပ်ပြီး ဆေးဝါးများကို ကျယ်ပြန့်စွာ အသုံးချသွားကြရန်ဖြစ်ကြောင်း။

ရောဂါကြီးခြောက်မျိုးကို ကုသနိုင်သည့် တိုင်းရင်းဆေးစွမ်းကောင်းများကိုလည်း အလားတူပင် တိုင်းရင်းဆေးရုံများ၌ အသုံးပြုနိုင်သည့် အဆင့်အထိ ထုတ်လုပ်သွားနိုင်အောင် ညှိနှိုင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

## ပရဆေးပင်များကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့်အဖွဲ့ဝင်များသည် ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်)ဝင်းအတွင်း စိုက်ပျိုးထားသည့် ပရဆေးပင်များကို ကြည့်ရှုကြသည်။

ဆက်လက်၍ အီလက်ထရွန်နစ် စာကြည့်တိုက်၊ စာဖတ်ခန်းနှင့် ဇီဝဆေးပညာ စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

## လမ်းညွှန်မှုပြု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ၂၀၀၄ခုနှစ် ဧပြီ၁၃ရက်တွင် နိုင်ငံတော်အကြီးအကဲ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိစဉ် ဆောင်ရွက်ရမည့် အချက်များကို လမ်းညွှန်မှုပြုခဲ့ပါကြောင်း။

ဗိုလ်ချုပ်မှူးကြီး လမ်းညွှန်ခဲ့သည့် အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ လာရောက်လေ့လာကြည့်ရှု အပန်းဖြေသူများ တိုးတက်လာစေရေး ဆောင်ရွက်ရန်၊ မွေးမြူထားသည့် ဇာမဏီငှက်များ မျိုးပွားရေးဆောင်ရွက်ရန်၊ ရွှေသမင်များ နေထိုင်မှု အဆင်ပြေစေရေး ဆောင်ရွက်ရန်၊ နိုင်ငံတကာမှ ရုက္ခဗေဒဥယျာဉ်များ၊ ရုက္ခဗေဒအဖွဲ့အစည်းများမှ ပညာရှင်များအား ဆက်သွယ်ဖိတ်ခေါ်၍ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်၊ ခေတ်မီသော သစ်ခွခြံကြီး တည်ဆောက်ပြသရန်၊ ပြကွင်းပြကွက်များ တိုးချဲ့ဆောင်ရွက်ရန်၊ ဥယျာဉ်အတွင်း ပြည်နယ်၊ တိုင်းအလိုက်ထင်ရှားသည့် Natural Landmarksများကို ထည့်သွင်းတည်ဆောက်ရန်တို့နှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမျိုးသားကန်တော်ကြီးဥယျာဉ်၌ Natural Landmarks Garden တည်ဆောက်ရန် စီမံထားမှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်နယ်၊ တိုင်းများ၏ Natural Landmarks တည်ဆောက်ရေး လုပ်ငန်းများကို သပ်သပ်ရပ်ရပ် လှလှပပတည်ဆောက်သွားရန်မှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## အဆင့်မြင့်မွမ်းမံထား

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်မှာ ၄၃၆ဒသမ၉၆ဧက ကျယ်ဝန်းပြီး လာရောက်လေ့လာ အပန်းဖြေသူများအတွက် အဆင့်မြင့်မွမ်းမံ ပြင်ဆင်ထားရှိသည်။

နိုင်ငံတကာအဆင့်မီ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ရေပန်းအလှ၊ ရေတံခွန်အလှများနှင့် ပန်းမျိုးစုံတို့ကို ခံစားကြည့်ရှုနိုင်သည့်အပြင် ပြည်တွင်းသစ်မျိုး ၅၁၄မျိုး၊ ပြည်ပသစ်မျိုး ၇၅မျိုး၊ ဝါးအမျိုးပေါင်း၇၅မျိုး၊ သစ်ခွမျိုး ၂၇၀တို့ကို စုစည်းလေ့လာနိုင်သည်။

## ရှားပါးငှက်များလေ့လာနိုင်

ထို့ပြင် ရှားပါးငှက်မျိုးများနှင့် ရှားပါးတိရစ္ဆာန်များကိုလည်း စနစ်တကျ လေ့လာကြည့်ရှုနိုင်အောင် မွေးမြူထားသည်။

## နန်းမြင့်မျှော်စင်

အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ၂၀၀၃–၂၀၀၄ခုနှစ်တွင် ဧည့်သည် ၄ ဒသမ၅ သိန်းခန့် ဝင်ရောက်ခဲ့ပြီး ယခုနှစ် နိုဝင်ဘာလအထိ ဧည့်သည် သုံးသိန်းခန့်ဝင်ရောက်ခဲ့ပြီးဖြစ်သဖြင့် နှစ်ကုန်တွင်ဧည့်သည်ဦးရေမှာ ၂၀၀၃–၂၀၀၄ခုနှစ်ထက် ပိုမိုမည်ဟု ခန့်မှန်းရရှိသည်။ ဥယျာဉ်အတွင်းရှိ နန်းမြင့်မျှော်စင်သို့လည်း ဧည့်သည်များ တိုးတက်လာရောက်လျက်ရှိကြောင်း သိရှိရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်ကို ကြည့်ရှုစစ်ဆေးကြပြီးနောက် စစ်တက္ကသိုလ်နယ်မြေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

## နယ်စပ်ဒေသများရှိပြည်သူများ အခမဲ့ကုသနိုင်ရေး တိုင်းရင်းဆေးလုပ်ငန်းရှင်များ ဆေးဝါးများလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ပါဝင်ပြသကြသည့် တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပြပွဲကျင်းပခြင်း အောင်မြင်မှု အထိမ်းအမှတ်အဖြစ် နယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူများအား အခမဲ့ဆေးဝါးကုသပေးနိုင်ရေးအတွက် တိုင်းရင်းဆေးဝါးများ လှူဒါန်းပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းဆေးလုပ်ငန်းရှင်များက ငွေကျပ် ၂၆ သိန်းကျော်တန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံကိုလှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လက်ခံကြသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

အဆိုပါ ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြင်ဦးလွင်တပ်နယ်မှူး တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ အရာရှိကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**





**ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် ၁၉၊ ၁၈၊ ၆၅ ရပ်ကွက် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်က ကျင်းပရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်လွင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝင်းတို့က အမှတ်(၁၉)ရပ်ကွက် ပညာ့အလင်းပြစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (က–ပ)

## ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြ အင်ဂျင်နီယာကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ၊ တပည့်ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှသန်းက အမှာစကားပြောကြားပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဆရာ၊ဆရာမကြီးများက ဆုံးမဩဝါဒ ပြောကြားကြသည်။ ဆက်လက်၍ ဆရာ၊ဆရာမကြီးများအား ကန်တော့ငွေနှင့် လှူဖွယ်ပစ္စည်းများကိုပေးအပ်ကြပြီး ကျောင်းသား ကျောင်းသူဟောင်းများက လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ) (က–ပ)**

## ပုညာရာမဆရာတော် တရားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် စိန်ရွှေကုန်းကျေးရွာ မိုးကုတ်ဓမ္မရိပ်သာ၌ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၄ရက်မှ ၁၃ရက်အထိ ၁၀ရက်တရားစခန်းပွဲကို သာကေတမြို့နယ် ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပုညာနန္ဒက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

# စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ပေးထားသော စက်ရုံအလုပ်ရုံများ

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို



အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းက မကွေးတိုင်း ပွင့်ဖြူမြို့နယ်တွင် တည်ဆောက်ထားသည့် ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ ပင်မအဆောက်အအုံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

### စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | တည်ထောင်ပြီးစက်မှုဇုန်များ | ၁၉ |
| ၂ | နိုင်ငံပိုင်စက်ရုံများ | ၇၂၃ |
| ၃ | သမဝါယမပိုင်စက်ရုံများ | ၁၅၇ |
| ၄ | ပုဂ္ဂလိကစက်ရုံများ | ၄၂၆၅၂ |
| ၅ | လယ်ယာကုန်ထုတ်စက်ရုံ | ၁၈၉ |
| | စုစုပေါင်း | ၄၃၇၄၀ |



ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေလင်ပန်း စက်မှုမြို့၌ တည်ဆောက်ထားသည့် ပဲပိစပ်ဆီစက်ရုံကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မကွေးတိုင်း ပခုက္ကူမြို့နယ်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းက တည်ဆောက်ထားသော ပခုက္ကူချည်မျှင်နှင့်အထည် စက်ရုံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



# နယ်ချဲ့ပရိယာယ် ကြိုတင်သတိပြုကြကွယ်

အင်္ဂလိပ်နယ်ချဲ့သမားတို့၏ နယ်ချဲ့ပရိယာယ်ကို ယုံမှတ်၍ ပုံအပ်ခဲ့သော ပြည်ပအားကိုးသော အမျိုးသား သစ္စာဖောက်များ၏ မှားယွင်းသောအတွေးအခေါ် ဆောင်ရွက်ချက်များအပါအဝင် အမျိုးသား စည်းလုံးညီညွတ်ရေးအားနည်းမှုနှင့် အထွေထွေခေတ်နောက်ကျမှုများသည် သူ့ကျွန်အဖြစ် နွံနစ်ခဲ့ရသော အကြောင်းရင်းများပင် ဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။

# သူ့ကျွန်အဖြစ် နွံနစ်ခဲ့ရသည့် အကြောင်းများ

**ကေတုနီလာ**

ကုန်းဘောင်ခေတ်ဦးကာလတွင် စည်းလုံးညီညွတ်သော၊ အင်အားခိုင်ခံ့သော နိုင်ငံတော်ကြီးအဖြစ် တတိယမြန်မာနိုင်ငံတော်ကို ထူထောင်နိုင်ခဲ့သည်။

ကုန်းဘောင်ခေတ်နှောင်းကာလတွင် နယ်ချဲ့အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ဝင်ရောက်စွက်ဖက် ခြေရှုပ်မှုကြောင့် နန်းတွင်းညီညွတ်ရေးပျက်ပြားခဲ့သည်။ အုပ်စုဂိုဏ်းများကွဲကာ ပဋိပက္ခဖြစ်လာခဲ့သည်။ ပြည်ပအားကိုးမှုများကို အကြောင်းပြုပြီး ညီညွတ်ရေးပြိုကွဲခဲ့သည်ဟု ဆိုရမည်။ အင်္ဂလိပ်နှင့်ပြင်သစ်နယ်ချဲ့တို့သည် မြန်မာနိုင်ငံ၏ အဖိုးတန်သယံဇာတများဖြစ်သော သစ်တော၊ ကျောက်မျက်ရတနာနှင့် ရေနံစသော နိုင်ငံတော်၏ စီးပွားရေးကို ခြယ်လှယ်ရန်အတွက် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့အား မင်းတုန်းမင်းကြီးက သံခင်းတမန်ခင်း ချစ်ကြည်စွာဆက်ဆံရန်နှင့် ကုန်သွယ်ရေးဆောင်ရွက်ရန် နေပြည်တော်တွင် သံတဲဖွင့်ခွင့်ပြုခဲ့သည်။ ထို့အတူပင် ပြင်သစ်ကုန်သွယ်ရေးအဖွဲ့ကိုလည်း လက်ခံခဲ့သည်။ ထိုအဖွဲ့များသည် နောင်တွင် သူလျှိုအဖွဲ့များဖြစ်လာခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့တို့သည် မင်းတုန်းမင်းကြီးလက်ထက်တွင် ကနောင်အရေးအခင်းမှ ထွက်ပြေးလာသော မြင်ကွန်းမြင်းခုံတိုင်မင်းသားနှစ်ပါးကို ရန်ကုန်မြို့တော်တွင် ခိုလှုံခွင့်ပေးပြီး မြန်မာနိုင်ငံအထက်ပိုင်းအား သိမ်းယူနိုင်ခဲ့ပါက နန်းတင်ပေးမည်ဟု ကတိပြုကာ မြန်မာနိုင်ငံအထက်ပိုင်းတွင် ဆူပူအုံကြွမှုများဖြစ်လာရန် သွေးခွဲသပ်လျှိုမြှောက်ပင့်ပေးခဲ့သည်။ ယင်းပြည်ပြေးမင်းသားနှစ်ပါးစလုံးသည် နယ်ချဲ့ အင်္ဂလိပ်၏ပရိယာယ်ကို မသိရှိဘဲ အထက်မြန်မာပြည် နယ်စပ်ဒေသများတွင် ဆူပူသောင်းကျန်းခဲ့သည်။ နောက်ဆုံးတွင် ပြည်ပြေးမင်းသားနှစ်ပါးစလုံး ပြည်ပတွင် သေဆုံးခဲ့ပြီး ပြည်ပအားကိုးသူတို့၏ ဇာတ်သိမ်းမကောင်းသော ဘဝဖြင့် နိဂုံးချုပ်ခဲ့ရသည်။

အလားတူပင် အင်္ဂလိပ်သူလျှိုနှင့် ပြင်သစ်သူလျှိုတို့သည် မြန်မာ့နန်းတွင်းရေးကို လျှို့ဝှက်စုံစမ်းရန်အတွက် အင်္ဂလိပ် အမျိုးသမီးများ၊ ပြင်သစ်အမျိုးသမီးများအား စေလွှတ်အယုံသွင်းပြီး နန်းတွင်းရေး ပြဿနာများကို သတင်းရယူ စုံစမ်းထောက်လှမ်းခဲ့သည်။

ယင်းအပြင် သီပေါမင်းလက်ထက်တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည်

ပထမအကြိမ် ကျူးကျော်တိုက်ခိုက်ပြီး တနင်္သာရီနှင့် ရခိုင်နယ်များကို သိမ်းယူခဲ့သည်။ ထိုကျူးကျော်စစ်ပွဲတွင် မြန်မာခေါင်းဆောင်များဖြစ်သော မဟာဗန္ဓုလနှင့် မြဝတီမင်းကြီး ဦးစတို့က နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ဇာတိသွေး ဇာတိမာန်တို့ဖြင့် အင်္ဂလိပ်နယ်ချဲ့၏ ကျူးကျော်စစ်ကို ခုခံခဲ့ကြသည်။

စင်စစ်မှာ အင်္ဂလိပ်နယ်ချဲ့၏ အရှေ့အိန္ဒိယကုမ္ပဏီသည် ဟိုင်းကြီးကျွန်းကို တစ်နှစ်လျှင် ကျပ်တစ်သိန်းဖြင့် ငှားရမ်းခွင့်ပြုရန် ဘိုးတော်ဘုရားထံ

မြန်မာ့နန်းတွင်းရေးကို ပို၍စွက်ဖက်လာခဲ့ကြသည်။ အင်္ဂလိပ်တို့က အထက် မြန်မာပြည်ကို သိမ်းယူပြီးပါက အိန္ဒိယတွင် ခိုလှုံနေသော ညောင်ရမ်းမင်းသားကြီးအား နန်းတင်ပေးမည်ဟု ကတိပြု စည်းရုံးသိမ်းသွင်းခဲ့သဖြင့် အချို့သော အင်အားစုများသည် ပြည်ပ၏အယုံသွင်းမှုကို နားဝင်ခဲ့ကြသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့က တတိယ ကျူးကျော်စစ်ပွဲကို လွယ်ကူစွာ ဆင်နွှဲပြီး အထက်မြန်မာပြည်ကို သိမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ နယ်ချဲ့ပရိယာယ်ထောင်ချောက်ကို ယုံစားပြီး ပြည်ပအားကိုးမှု၏ ရလဒ်အကျိုးဆက်ပင်ဖြစ်သည်။

ယင်းအခြေအနေ အရပ်ရပ်ကို သုံးသပ်လျှင် အင်္ဂလိပ်နယ်ချဲ့တို့သည် ယင်းတို့ပိုင် နယ်မြေများဖြစ်သော အာသံ၊ မဏိပူရ၊ ဘင်္ဂလားဒေသများအား ကာကွယ်ခြင်းဖြစ်သည်ဟူ၍ မရေရာ မခိုင်မာသည့် အကြောင်းပြချက်ဖြင့် ၁၈၂၄ခုနှစ် ဘကြီးတော်ဘုရား လက်ထက်တွင် မြန်မာနိုင်ငံကို

တောင်းဆိုခဲ့ရာ ပယ်ချခဲ့သဖြင့် အတင်းအဓမ္မကျူးကျော်တိုက်ခိုက်လုယက်ယူခြင်းဖြစ်သည်။ ဘိုးတော်ဘုရားက ပယ်ချသော အကြောင်းရင်းမှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ လက်ထက်တွင် အင်္ဂလိပ်–မြန်မာ ကုန်သည်များ ကူးသန်းရောင်းဝယ်ရေး လွယ်ကူချောမွေ့စေရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီး မိတ်ဆွေဖြစ်ရေးကို ရှေးရှုပြီး အင်္ဂလိပ်နယ်ချဲ့ပိုင် အရှေ့အိန္ဒိယကုမ္ပဏီကို ဟိုင်းကြီးကျွန်းတွင် ကုမ္ပဏီခွဲ ဖွင့်ခွင့်ပြုခဲ့သည်။ သို့သော်လည်း အရှေ့အိန္ဒိယ ကုမ္ပဏီသည် ရိုးရိုးသားသား စီးပွားရေးမလုပ်ဘဲ မြန်မာတိုင်းရင်းသားများအချင်းချင်း စည်းလုံးညီညွတ်ရေးပြိုကွဲရန် သွေးခွဲသပ်လျှိုခြင်း၊ နယ်မြေခံ တိုင်းရင်းသားအချို့ကို စည်းရုံးသိမ်းသွင်းပြီး လက်နက်နှင့် ငွေကြေးပေးကာ ဆူပူအုံကြွရန် သွေးခွဲသပ်လျှို လှုံ့ဆော်ဖန်တီးခြင်းတို့ကို ကျူးလွန်လာသဖြင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ဟိုင်းကြီးကျွန်းရှိ အရှေ့အိန္ဒိယ ကုမ္ပဏီကို ဖျက်သိမ်းခဲ့သည်။

ထိုနည်းတူပင် အင်္ဂလိပ်နယ်ချဲ့တို့သည် ယင်းတို့၏ ကုန်သည်များအား မြန်မာမင်းတို့က ပြေလည်စွာ ဆက်ဆံခြင်းမပြုဟူ၍ ယုတ္တိမဲ့အကြောင်းပြချက်ဖြင့်

ပုဂံမင်းလက်ထက်
ရန်ကုန်မြို့အပါအဝ
စင်စစ်မှာ အ
ခိုးယူတင်သွင်းလာ
ကျပ် ၉၀၀၀ကျော်
မတရား တောင်းဆ
ငွေကျပ်တစ်သောင်
အစိုးရက နစ်နာချ
စေလွှတ်ခဲ့ခြင်းသည်
နိုင်ငံခြားသား တစ
ညှဉ်းပန်း သတ်ဖြ
တိုင်ကြားစာ တစ်စေ
မြန်မာတို့အား စွပ်
ရန်ကုန်၊ပဲခူး၊ တော

ကျူးကျော်သူ နယ်ချဲ့တို့အား ရှပ်ရှပ်ချွံချွံတွန်းလှန်တိုက်ခိုက်ခဲ့သည့် မြန်မာမျိုးချစ်တို့၏ သိမ်ဖြူ



**မြန်မာ့မျိုးချစ်ပုဂ္ဂိုလ်များ**

**နယ်ချဲ့တို့ ကျူးကျော်စော်ကားမှုကို ခေါင်းငုံ့မခံတွန်းလှန်ခဲ့ကြသော မြန်မာ့မျိုးချစ်ပုဂ္ဂိုလ်များအား နယ်ချဲ့တို့က ဖမ်းဆီးထားသည့် မြင်ကွင်းကို တွေ့ရစဉ်။**



အင်္ဂလိပ်တို့က အထက်မြန်မာပြည်
ပြီးပါက အိန္ဒိယတွင်ခိုလှုံနေသော ညောင်ရ
ကြီးအား နန်းတင်ပေးမည်ဟု ပရိယာယ်ပြ
စည်းရုံးသိမ်းသွင်းခဲ့သဖြင့် အချို့သော အင
သည် ပြည်ပ၏ အယုံသွင်းမှုကို နားဝ
ထို့ကြောင့် လည်း မြန်မာနိုင်ငံအား အင်္ဂလိ
တတိယ ကျူးကျော်စစ်ပွဲကို လွယ်ကူစွာ
အထက် မြန်မာပြည်ကို သိမ်းယူနိုင်ခဲ့ခြ
ဤသည်မှာ နယ်ချဲ့ ပရိယာယ်ထောင်
ယုံစားပြီး ပြည်ပအားကိုးမှု၏ ရလဒ် အ
သည်။

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

တိုက်ခိုက်လုယက်
အကြောင်းရင်းမှာ
အင်္ဂလိပ်-မြန်မာ
စရေးနှင့် နှစ်နိုင်ငံ
နယ်ချဲ့ပိုင် အရှေ့
ည်။ သို့သော်လည်း
မလုပ်ဘဲ မြန်မာ
သွေးခွဲသပ်လျှိုခြင်း၊
က်နက်နှင့် ငွေကြေး
င်းတို့ကို ကျူးလွန်
ဟိုင်းကြီးကျွန်းရှိ
ကုန်သည်များအား
ကြောင်းပြချက်ဖြင့်

ပုဂံမင်းလက်ထက် ၁၈၅၂ခုနှစ် ဧပြီလတွင် ဒုတိယအကြိမ် ကျူးကျော်စစ်ဖြင့် ရန်ကုန်မြို့အပါအဝင် အောက်မြန်မာပြည် ပဲခူးအထိကို သိမ်းယူခဲ့သည်။

စင်စစ်မှာ အင်္ဂလိပ်ပိုင် မီးသင်္ဘောပေါ်တွင် အကောက်ခွန်မဲ့ ပစ္စည်းများ ခိုးယူတင်သွင်းလာသော သင်္ဘောကပ္ပတိန်နှစ်ဦးအား ပြစ်မှုထင်ရှား၍ ဒဏ်ငွေကျပ် ၉၀၀၀ကျော် ပေးဆောင်စေရန် မြန်မာမြို့ဝန်က တောင်းဆိုခဲ့ခြင်းကို မတရား တောင်းဆိုသည်ဟူ၍ လည်းကောင်း၊ အင်္ဂလိပ်ကုန်သည်နှစ်ဦး၏ ငွေကျပ်တစ်သောင်းကျော်တန် ကုန်ပစ္စည်းများ အလုခံရသည်ကို အင်္ဂလိပ်အစိုးရက နစ်နာချက်အဖြစ် လျော်ကြေးတောင်းခံရန် စစ်သင်္ဘောတစ်စင်းဖြင့် စေလွှတ်ခဲ့ခြင်းသည် လည်းကောင်း၊ မော်လမြိုင်မြို့နေ အင်္ဂလိပ်လက်အောက်ခံ နိုင်ငံခြားသားတစ်ဦးက အင်္ဂလိပ် လက်အောက်ခံ လူ၄၀ကို မြန်မာတို့က ညှဉ်းပန်း သတ်ဖြတ်နေသည်ဟူ၍ အိန္ဒိယအစိုးရထံ လုပ်ကြံ လီဆယ် တိုင်ကြားစာ တစ်စောင် ပေးပို့ခဲ့ခြင်းသည် လည်းကောင်း အင်္ဂလိပ်နယ်ချဲ့တို့က မြန်မာတို့အား စွပ်စွဲအပြစ်ရှာပြီး ဒုတိယအကြိမ် ကျူးကျော်စစ်ဖြင့် ပုသိမ်၊ ရန်ကုန်၊ပဲခူး၊ တောင်ငူနှင့် ပြည်တို့ကို အဓမ္မလုယက်သိမ်းယူခဲ့ခြင်း ဖြစ်သည်။

နယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော် သိမ်းပိုက်ပြီးနောက် မြန်မာဘုရင် သီပေါမင်းနှင့် စုဖုရားလတ်တို့အား အိန္ဒိယသို့ ပို့ဆောင်ရန် သူရိယ သင်္ဘောပေါ်သို့ ခေါ်ဆောင်သွားစဉ်က မြင်ကွင်းကို ဤသို့ ပန်းချီဖြင့် မှတ်တမ်းတင်ထားခဲ့သည်။

ိုက်ခဲ့သည့် မြန်မာမျိုးချစ်တို့၏ သိမ်ဖြူခံတပ်တိုက်ပွဲမြင်ကွင်းကို ပန်းချီဖြင့် သရုပ်ဖော်ထားစဉ်။





ဤသို့အားဖြင့် အင်္ဂလိပ်နယ်ချဲ့သမားတို့၏ နယ်ချဲ့ ပရိယာယ်ကို ယုံမှတ်၍ ပုံအပ်ခဲ့သော ပြည်ပအားကိုးသော အမျိုးသား သစ္စာဖောက်များ၏ မှားယွင်းသောအတွေးအခေါ် ဆောင်ရွက်ချက်များအပါအဝင် အမျိုးသားစည်းလုံးညီညွတ်ရေးအားနည်းမှုနှင့် အထွေထွေခေတ်နောက်ကျမှုများသည် သူ့ကျွန်အဖြစ် နှံ့နစ်ခဲ့ရသော အကြောင်းရင်းများပင်ဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။

ထို့ကြောင့် မျက်မှောက်မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ မဆုံးရှုံးစေရေးအတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့၏ ပရိယာယ် ထောင်ချောက်နှင့် ပြည်ပအားကိုး အမျိုးသားသစ္စာဖောက်များအား ဖယ်ရှားဆန့်ကျင်ပြီး ခိုင်မာကျစ်လျစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပ်တို့က အထက်မြန်မာပြည်ကို သိမ်းယူ
ယတွင်ခိုလှုံနေသော ညောင်ရမ်း မင်းသား
းတင်ပေးမည်ဟု ပရိယာယ်ဖြင့် ကတိပြု
သွင်းခဲ့သဖြင့် အချို့သော အင်အားစုများ
ပ၏ အယုံသွင်းမှုကို နားဝင်ခဲ့သည်။
သည်း မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့က
ျူးကျော်စစ်ပွဲကို လွယ်ကူစွာ ဆင်နွှဲခဲ့ပြီး
န်မာပြည်ကို သိမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။
နယ်ချဲ့ ပရိယာယ်ထောင်ချောက်ကို
ည်ပအားကိုးမှု၏ ရလဒ် အကျိုးပင်ဖြစ်



## ကျူးကျော်ဝင်ရောက်

မြန်မာနိုင်ငံကို စစ်ပွဲသုံးကြိမ် ဆင်နွှဲ၍ နယ်ချဲ့တို့ ကျူးကျော် သိမ်းပိုက်ခဲ့သည်။ ဓါတ်ပုံတွင် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ရက်နေ့က အင်္ဂလိပ် နယ်ချဲ့ သင်္ဘောအုပ်စု မန္တလေး ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့စဉ် မြင်ကွင်းမှတ်တမ်း ဓာတ်ပုံကို ဤသို့ တွေ့ရသည်။

● *ကျောဖုံးမှ*

အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မြို့တော်ခန်းမ၌ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာကော်မတီဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ သူနာပြုများ၊ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူလေးများက **'ရာသက်ပန် ပြည်ထောင်စု'** သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက်အစည်းအဝေးကို စတင်ကျင်းပရာ ရှေးဦးစွာ သဘာပတိ စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)က ချမှတ်လိုက်သော အသင်းကြီး၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့်အညီ နယ်မြေဒေသအလိုက် လက်တွေ့နယ်ပယ်တွင် ပိုမိုအကျိုးပြု ဖြစ်ထွန်းစေမည့် လုပ်ငန်းစဉ်အသေးစိတ်ကို စစ်ကိုင်းတိုင်းအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မည်သို့အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဆိုသည်ကို ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ကြသည့် အစည်းအဝေးကြီး ဖြစ်ကြောင်း။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။** (သတင်းစဉ်)



## စိမ့်ဝင်ပျံ့နှံ့

နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် မိမိတို့အသင်းကြီးသည် စုစည်းညီညွတ်သည့် အမျိုးသားရေးအင်အားစုကြီးတစ်ရပ်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ အောင်မြင်ရေးအတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရင်း ပြည်သူ့အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သည့်အတွက် အသင်းကြီး၏ မှန်ကန်မွန်မြတ်သည့် ဦးတည်ချက်၊ ရည်ရွယ်ချက်လုပ်ငန်းစဉ်များသည် ပြည်သူအတွင်း လူတန်းစားအလွှာစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ယုံကြည်သက်ဝင်ပြီး စိမ့်ဝင်ပျံ့နှံ့နေခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

## သန္နိဋ္ဌာန်ပြု

ပြည်နယ်နှင့်တိုင်းအသီးသီး၌ ကျင်းပခဲ့သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးများတွင် လည်းကောင်း၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ကျင်းပခဲ့သည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး လူထုအစည်းအဝေးကြီးတွင် လည်းကောင်း မိမိတို့အသင်းဝင်များက တက်တက်ကြွကြွ ပါဝင်တက်ရောက်ခဲ့ကြပြီး အမျိုးသားရေးအင်အားစုကြီးအဖြစ် ပြည်သူများနှင့် လက်တွဲပြီး အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် သန္နိဋ္ဌာန်ပြုပြီးဖြစ်ကြောင်း။

ယခု ကျင်းပပြီးစီးပြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းများအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်းပြီး ဦးတည်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို မိမိတို့နေရာဒေသအလိုက် ကျင်းပလျက်ရှိရာ အသင်းဝင်များနှင့်အတူ မျိုးချစ်အင်အားစုများပါ ပါဝင်ဆွေးနွေးပြီး အသေးစိတ်လုပ်ငန်းစဉ်များ ချမှတ်လျက်ရှိကြောင်း။

## ပူးပေါင်းပါဝင်

မိမိတို့စစ်ကိုင်းတိုင်းအနေဖြင့်လည်း ယနေ့အစည်းအဝေးကြီး၌ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား မိမိတို့အသင်းဝင်များနှင့်အတူ မိဘပြည်သူများနှင့် ကျွန်တော်တို့၏ မိတ်ဖက်အဖွဲ့အစည်းများကပါ အင်တိုက် အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

## ဆွေးနွေးတင်ပြ

ယင်းနောက် ဦးတည်ချက်(၇)ရပ် အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုကို စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမိုးဇော်ဟိန်းက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့်အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုကို စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စုစုမြင့်က ဆွေးနွေးတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းထွန်းက စစ်ကိုင်းတိုင်းအတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

## ထောက်ခံဆွေးနွေး

ယင်းနောက် ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ကလေးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသိန်းလှိုင်ကထောက်ခံဆွေးနွေးတင်ပြသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် စစ်ကိုင်းတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဌေးအောင် အဖွင့်အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



**စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမိုးဇော်ဟိန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်စုစုမြင့်က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်း အဝေး(၂၀၀၄)၌ ချမှတ်ခဲ့သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးသန်းထွန်းက စစ်ကိုင်းတိုင်းအတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**စစ်ကိုင်းတိုင်း ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးစိုးစိုးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**စစ်ကိုင်းတိုင်း ကလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးသိန်းလှိုင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံ ဆွေးနွေးစဉ်။** (သတင်းစဉ်)



**စစ်ကိုင်းတိုင်း ခန္တီးခရိုင် လေရှီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရှိသီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးမျိုးမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**စစ်ကိုင်းတိုင်း မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကံညွန့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံ ဆွေးနွေးစဉ်။** (သတင်းစဉ်)

**စာမျက်နှာ ၁၀ မှ**

ဆက်လက်၍ ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုးက ထောက်ခံဆွေးနွေး တင်ပြသည်။

ယင်းနောက် ခန္တီးခရိုင် လေရှီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရှိသီးက ထောက်ခံဆွေးနွေး တင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးမြင့်က ထောက်ခံဆွေးနွေး တင်ပြသည်။

အတွင်းရေးမှူး ဦးကံညွန့်က ထောက်ခံဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းကိုကိုက ထောက်ခံဆွေးနွေးတင်ပြသည်။

ယင်းနောက် အစီအစဉ်အရ ထူးချွန်လူငယ်များအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၏ ဇနီး ဒေါ်ဝေဝေခိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်အုန်း၏ ဇနီး

ယင်းနောက် ပညာရေး ပညာသင်စရိတ် ရန်ပုံငွေ ကျပ်ဆယ်သိန်းကို လွှဲပြောင်းပေးအပ်သည်။

**ဆုံးဖြတ်အတည်ပြု**

ထို့နောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် စစ်ကိုင်းတိုင်းအတွင်းဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့်



**စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းကိုကိုက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**စစ်ကိုင်းတိုင်း တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်မင်းထွန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲဝင်းဦးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

ထို့နောက် တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်မင်းထွန်းက ထောက်ခံဆွေးနွေး တင်ပြသည်။

ဆက်လက်၍ မော်လိုက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲဝင်းဦးက ထောက်ခံဆွေးနွေး တင်ပြသည်။

ယင်းနောက် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း

ဒေါ်အေးအေး၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းဝင်း၊ စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူများက ပညာရည်ထူးချွန်ဆု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များနှင့် အာဆီယံ–အိန္ဒိယ ကားမောင်းပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ကြေညာပြီး ဆုံးဖြတ်အတည်ပြုကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူလေးများက **'ပြည်မြန်မာ'** သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် အစည်းအဝေးကို တစ်ခဲနက် ကြွေးကြော်သံများဖြင့် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၅

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ပဉ္စမအကြိမ် အာဆီယံတိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ အုပ်စုပြိုင်ပွဲတွင် (ခ)အုပ်စု ပထမရရှိအောင်စွမ်းဆောင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီ ချီးမြှင့်ပေးအပ်ခဲ့ရာ အဖွဲ့ဝင် ၃၁ ဦးအတွက် စုစုပေါင်းငွေကျပ် ကိုးဆယ့်သုံးသိန်းကို ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းကိုယ်စား တာဝန်ရှိသူများက မြန်မာ့လက်ရွေးစင်ဘောလုံး အသင်းလေ့ကျင့်နေသည့် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်းလေ့ကျင့်ရေးကွင်း(၁)သို့ ဒီဇင်ဘာ ၂၂ ရက်က သွားရောက်ပြီး တစ်ဦးချင်းအား ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့သည်။**

**ဂုဏ်ပြုဆုငွေပေး**

အလားတူ မြန်မာဘရူဝါရီလီမိတက်က ပဉ္စမအကြိမ် အာဆီယံတိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ရှုံးပွဲမရှိ အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်ဘောလုံး အသင်းအား ဂုဏ်ပြုဆုငွေပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် သုဝဏ္ဏလူငယ်အားကစား လေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားသို့ မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ့လက်ရွေးစင်အသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြပြီး မြန်မာဘရူဝါရီလီမိတက်မှ ကူးသန်းရောင်းဝယ်ရေးမန်နေဂျာ Mr.Vitor Seah က ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၃၀ ကို ပေးအပ်ရာ အသင်းအုပ်ချုပ်သူ ဦးခင်မောင်ကြိုင်နှင့် အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းတို့ လက်ခံရယူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေပြည်ဟိန်းဆရာတော်ဓမ္မခရီး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတောင်ရိုး ရွှေကျောင်းနှင့် ရန်ကုန်မြို့ ရန်ကင်းရွှေပြည်ဟိန်းကျောင်းပဓာနနာယက သီတဂူ ကြာတစ်ပွင့် အရှင်ခေမာသီရိလင်္ကာရသည် ၂၆ရက်ည ရန်ကုန်မြို့ သဃ်န်းကျွန်း (၁၆) အပိုင်း(၁) ဓမ္မာရုံ၊ ၂၇ရက်ည မင်္ဂလာဒုံ ၃/ခ ဆွမ်းလောင်းအသင်း၊ ၂၈ရက်ည လှိုင်သာယာ ၅–ထိပ် ဓမ္မပူဇာသဘင်၊ ၂၉ ရက်ည ၁၃၃လမ်း ဓမ္မပူဇာသဘင်၊ ၃၀ရက်ည သဃ်န်းကျွန်း ပင်လုံရိပ်မွန်၊ ၃၁ရက်နှင့် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ နှင့် ၂ ရက်ညများတွင် သထုံမြို့ ရွှေစာရံစေတီတော်၊ ၃ရက်ညတွင် ရန်ကုန်မြောက်ဒဂုံ သီရိမင်္ဂလာ မဟာစည်ရိပ်သာတို့၌ ဓမ္မခရီး ကြွရောက်ဟောကြားမည် ဖြစ်သည်။

**(က–ပ)**



**ဒီဇင်ဘာ ၂၅ ရက်က ပါမောက္ခ ဒေါက်တာဦးဖေသိန်း (ကျန်းမာရေးဝန်ကြီး–အငြိမ်းစား)နှင့် ပါမောက္ခ ဒေါက်တာဒေါ်ကြူကြူဆွေ(အငြိမ်းစား) မိသားစုတို့က ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၏ လိုအပ်သော နေရာများတွင် အသုံးပြုရန်အတွက် သွေးတိုင်းကိရိယာတစ်ခုနှင့် အလှူငွေ ကျပ်တစ်သိန်းကို ဆေးရုံအုပ်ကြီးအား ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## အကယ်ဒမီရွှေစင်ရုပ်ဆုပေးပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ၂၀၀၃ ခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)(ယနေ့) ညနေ ၅ နာရီခွဲတွင် အမျိုးသားအားကစား ပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ)၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်က ယင်းနေ့ ညနေ ၅ နာရီမှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

**၂၆–၁၂–၂၀၀၄**
**(တနင်္ဂနွေနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"၆၂ ပါးသော မိစ္ဆာဒိဋ္ဌိများ"**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Theory of Quadratic Equations (ပထမနှစ်) စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ
၄:၃၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာ တွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သပွတ်အူပမာ"** (အပိုင်း–၁၅)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မြန်မာ့ရှုခင်း
၁၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၇။ English Premier Legue ဘောလုံးပွဲ °Manchester United °Vs Bolton Wanderers

## ပညာရေးစုံညီပွဲတော်

**(၂၈-၁၂-၂၀၀၄ မှ ၃-၁-၂၀၀၅)**

**SCHOOL FAMILY DAY (28/12/2004 to 3/1/2005)**

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလအတွက်**
**နောက်ဆုံးပတ် ( တနင်္ဂနွေနေ့ ) ၂၆ – ၁၂ – ၂၀၀၄ရက်နေ့**
**၂၀၀၅ခုနှစ်၊ဇန်နဝါရီလအတွက်**
**( ၉ – ၁ – ၂၀၀၅ )ရက်နေ့နှင့် ( ၃၀ – ၁ – ၂၀၀၅ )ရက်နေ့**

**အထက(၁) သဃ်န်းကျွန်း၏ ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အပူဇော်ခံ ဆရာ၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်စဉ်။** (က–ပ)



## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ ခုနှစ် နတ်တော်လပြည့်နေ့**
**(ဥပုသ်နေ့)**
**၂၆–၁၂–၂၀၀၄(တနင်္ဂနွေနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅။ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**အပိုင်း(၅၅)
၁၂:၂၀ ၅။ မန်းချောင်းတံတား
၁၂:၂၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"နှလုံးသားလွင်ပြင်"** (ရန်အောင်၊ ရဲမင်းပိုင်၊ ဆုပန်ထွာ) (ဒါရိုက်တာ–ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
၁၄:၃၅ ၇။ ကျောက်တစ်လုံး ရေကူရေလှောင်တမံ
၁၄:၄၅ ၈။ International News

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၀၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၁၅ ၃။ ဆိုကြမယ် ပျော်ကြမယ်
၁၇:၀၀ ၄။ ၂၀၀၃ခုနှစ်အတွက် မြန်မာရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၀:၀၀ ၅။ ပြည်တွင်းသတင်း
၆။ နိုင်ငံတကာသတင်းများ
၇။ မိုးလေဝသအခြေအနေ
၈။ ၂၀၀၃ခုနှစ်အတွက် မြန်မာရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ ထုတ်လွှင့်မှုအစီအစဉ်
၉။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

# ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း လှည့်လည်စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၅

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးရန် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် လားရှိုးမြို့သို့ ဒီဇင်ဘာ၂၀ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးတွင် ဒေသကြီးကြပ်ရေးမှူး၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ဆဲ လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။**

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဒီဇင်ဘာ၂၁ရက်တွင် လားရှိုးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ တန့်ယန်း-တာကော်အက်မှ တစ်ဆင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မိုင်းပတ်-ဝိန်းကောင်- ပန်ဆန်းလမ်း ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းခွင် နောင်ခစ်စခန်းသို့ နေ့လယ်ပိုင်းတွင် ရောက်ရှိခဲ့သည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ဆက်လက်၍ ဒေသခံတိုင်းရင်းသားများနှင့်အတူ လုပ်ငန်းခွင်အတွင်း လိုက်လံစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံတိုင်းရင်းသားများအား အားပေးစကားပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝိန်းကောင် တိုက်နယ်ဆေးရုံ၊ ဝိန်းကောင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းရုံး နှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံများကို လိုက်လံစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ပေးသည်။ ယင်းနောက် ဆက်လက် ထွက်ခွာရာ နေ့လယ်ပိုင်းတွင် ပန်ဆန်းမြို့သို့ရောက်ရှိပြီး ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒေသမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိုင်းပတ်-ဝိန်းကောင် - ပန်ဆန်းလမ်းနှင့် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း လမ်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များ၊ '၀'ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

# ရဲချုပ်တံခွန်စိုက်ဒိုင်း မြန်မာ့သိုင်း၊ ကရာတေးဒိုနှင့်တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

(၁၅)ကြိမ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း မြန်မာ့သိုင်း၊ ကရာတေးဒိုနှင့်တိုက်ကွမ်ဒို ပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ရက်မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံဘတ်စကက်ဘော အားကစားရုံ၌ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ပြည်နယ်၊ တိုင်း ၊ တပ်ရင်း တပ်ဖွဲ့ ကျောင်းများမှ အားကစား တပ်ဖွဲ့ဝင် ၃၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင် ကြပြီး မြန်မာ့သိုင်းတံခွန်စိုက်ဆုကို ရန်ကုန်တိုင်းအသင်းကလည်းကောင်း၊ ကရာတေးဒိုတံခွန်စိုက်ဆုကို ရန်ကုန် တိုင်းအသင်းကလည်းကောင်း၊ တိုက် ကွမ်ဒိုတံခွန်စိုက်ဆုကို မန္တလေးတိုင်း အသင်းကလည်းကောင်း အသီးသီး ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုက်ဝိုင်းရွှေတောင်ကျောင်း တရားစခန်းဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်း ရွှေတောင်ကျောင်း ဓမ္မရိပ်သာ၌ (၁၂)ကြိမ်မြောက် ဖွင့်လှစ်အပ်သော ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ (ဥပနိဿယ) သမထဝိပဿနာ အကျင့် ခုနစ်ရက်တရားစခန်းကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၉ရက် (နတ်တော်လကွယ်နေ့)မှ ဇန်နဝါရီ၁၇ရက် (ပြာသိုလဆန်း ၈ရက်) နံနက်၇နာရီ အထိ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘိတ (သာသနဓဇ သိရီ ပဝရဓမ္မာစရိယ)၊ ဦးဥဇ္ဇောတ သာသနတက္ကသိလ မဟာဓမ္မာစရိယ (M.A Buddhism)၊ ဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဆရာမကြီး ဒေါ်ခင်အေး(စူဠအာဘိ ဓမ္မိက ဝိသိဋ္ဌကလျာဏဓဇ)တို့က ဟောပြော ညွှန်ကြား ပြသမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများ အထက်ပါ ရိပ်သာ ဖုန်း-၆၆၇၉၆၄သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရ သည်။ **(က-ပ)**

## သာယာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။**

# ငါးကျွမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ ဂုဏာဝိသိဋ္ဌပူဇာ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဖရီးမောင့်မြို့ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ငါးကျွမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာနှင့် မန္တလေးမြို့ မေတ္တာနန္ဒဓမ္မဒူတ ကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယက ဒေါက်တာအရှင်ဓမ္မပိယ (သာသနဓဇ ဓမ္မာစရိယ B.A, M.A, Ph.D. U.S.A)အား ဂုဏ်ပြုပူဇော်မည့် ဂုဏာဝိသိဋ္ဌပူဇာသဘင် အခမ်းအနားကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၁ရက် (စနေနေ့) နံနက်၈နာရီခွဲတွင် သင်္ဃန်းကျွန်းမြို့နယ် ငါးကျွမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာ၌ ကျင်းပမည် ဖြစ်ရာ ဓမ္မမိတ်ဆွေအပေါင်းတို့အား ဖိတ်ကြားစာများ ပေးပို့ထားသည်။

ပူဇော်ပွဲ အကြိုတရားပွဲများအဖြစ် ဒီဇင်ဘာ၂၉ရက်ညတွင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ၊ ဒီဇင်ဘာ ၃၀ရက်ညတွင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသနှင့် ဒီဇင်ဘာ ၃၁ရက်ညတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရတို့က ညစဉ်၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဟုသိရသည်။ **(က-ပ)**



# အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ဂရိတ်ဝေါ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့က ပံ့ပိုးကူညီသည့် ၂၀၀၄ခုနှစ် ပဋ္ဌမ အကြိမ်မြောက် ဂရိတ်ဝေါအမျိုးသား တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ၁၁နာရီက လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အမျိုးသားကြက် တောင်အားကစားခန်းမတွင် ကျင်းပ ပြုလုပ်သည်။

**ဆုများချီးမြှင့်**

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ မြန်မာနိုင်ငံကြက်တောင် အားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးရော်ဘင်တင်က (၁၄)နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက် တွဲပြိုင်ပွဲဆုရရှိသူများကို လည်းကောင်း၊ ဂရိတ်ဝေါ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးမောင်မောင်စိန်က (၁၄)နှစ်အောက် အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက် တွဲပြိုင်ပွဲ ဆုရရှိသူများကို လည်း ကောင်း၊ မြန်မာနိုင်ငံကြက်တောင် အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဘစိုးက(၁၆)နှစ်အောက် အမျိုးသား တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာ နိုင်ငံ ကြက်တောင်အားကစားအဖွဲ့ ချုပ်နာယကဦးမောင်မောင် **(အပေါ်ပုံ)** က (၁၆)နှစ်အောက် အမျိုးသမီးတစ်ဦး ချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိ သူများကိုလည်းကောင်း၊ အားကစား နှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးဉာဏ်ထွန်းက (၁၈)နှစ် အောက် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးမြင့်က (၁၈)နှစ်အောက် အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက် တွဲပြိုင်ပွဲ ဆုရရှိသူများကို လည်း ကောင်း အောင်နိုင်ဆုများ ချီးမြှင့် သည်။

မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ် အယ်လ်ခွန်းရီက သာမန်တန်း အမျိုး သား နှစ်ယောက်တွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ မြန်မာနိုင်ငံ ကြက် တောင် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက အကြီးတန်း အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက် တွဲပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများ ချီးမြှင့်သည်။

မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ် ဦးဆောင်နာယက အတွင်း ရေးမှူး ဒေါ်အေးအေးက အကြီးတန်း အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက် တွဲပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစား နှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသောင်းထိုက်က အကြီး တန်း အမျိုးသား-အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲနှင့် သက်ကြီးတန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ ဆု ရရှိသူများအား အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။**(မြန်မာ့အလင်း)**



# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်များနှင့် လျော်ညီစွာ သာယာလှပစေပြီး ပြည်သူများအပန်းဖြေ အနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ပန်းအလှပင်များအား နိုင်ငံတော် ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။

၂။ ပြည်သူများစိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံများနှင့်ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ထီးများ၊ထိုင်ခုံများ၊တံတားများ၊မီးလုံး၊မီးဆိုင်းများနှင့် အခြားလိုအပ်သောပစ္စည်းများအား တပ်ဆင်ထားရှိပါသည်။

၃။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ပေးထားသည့်ပစ္စည်းများအား စည်းကမ်းမဲ့သော ပြည်သူအချို့ ကြောင့် ပျက်စီးခဲ့ရပြီး ၂၀၀၃ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၃-၂၀၀၄ နှစ်သစ်ကူးကာလရက်များ အတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်း အမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)အရ တရားခံ ခုနစ်ဦး အား အရေးယူခဲ့ရပါသည်။

၄။ ထို့ကြောင့် ၂၀၀၄ ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၄-၂၀၀၅ နှစ်သစ်ကူးရက်များအတွင်း အင်းလျားကန်ပေါင်ရှိ ကမ္ဘာအေးဘုရားလမ်းဘက်ခြမ်းနှင့် ပြည်လမ်းဘက်ခြမ်းနေရာများအား နေ့စဉ် နံနက် ၄ နာရီမှ ည ၉ နာရီအထိသာ အပန်းဖြေအနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များ ပိတ်ထားမည် ဖြစ်ပါသည်။

၅။ ထိုနည်းတူ မြို့တော်သာယာလှပစေရေးအတွက် ပြည်သူများအပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်း များပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံး၊မီးဆိုင်းများ၊ဆိုင်းဘုတ်များ စသည်တို့ကို ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍ သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# ရဲချုပ်ဖလား လက်ဝှေ့တံခွန်စိုက် ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

၂၀၀၄ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဖလား လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး တက်ရောက် အမှာ စကားပြောကြားသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲကို ယနေ့မှ ဒီဇင်ဘာ ၂၅၊ ၂၆၊ ၂၇၊ ၂၉ရက်နှင့် ၃၀ရက် များတွင် ညနေ ၃နာရီမှ စတင်၍ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ပြည်နယ်၊ တိုင်း၊ တပ်ရင်းတပ်ဖွဲ့၊ သင်တန်းကျောင်း များမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၁သင်း နှင့် တပ်ဖွဲ့ဝင်အားကစားသမား ၁၈၀တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ **(က-ပ)**

## တရားတော်များဟောကြားမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ရက်ညတွင် သုံးခွမြို့ လေးကျွန်းမာန်အောင်ဘုရား၊ ၂ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သံသုမာလမ်းနှင့် ကမာကြည်လမ်းထောင့် ဦးလှဖြိုး–ဒေါ်တင်လှဝင်းတို့၏ တရားမဏ္ဍပ်၊ ၃ရက်ညတွင် ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက် ဆွမ်းလောင်းအသင်း၊ ၄၊၅၊၆ရက်ညများတွင် အင်းစိန်မြို့သစ်(က)၆လမ်း၊ ၇၊၈၊ ၉ရက်ည များတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၅)ရပ်ကွက် ကျောင်းလမ်း၊ ၁၀၊၁၁ရက် ညများတွင် ပဲခူးမြို့ ဉသျှာမြို့သစ် (၅)ရပ်ကွက် ဗထူးလမ်း၊ ၁၂၊၁၃၊၁၄ရက် ညများတွင် မှော်ဘီမြို့နယ် ဆပ်သွားတောအုပ်စု စမ်းချောင်းရွာ၊ ၁၅ရက်ညတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေမွှာရုံတို့တွင် ထေရဝါဒ ဗုဒ္ဓအဆုံးအမတရားတော်များကို ဓမ္မဒါနဟောကြားတော်မူမည်ဟုသိရသည်။ **(က–ပ)**

## ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း

ရန်ကုန် ဒီဇင်ဘာ ၂၅

မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ဦးဆောင်မှုဖြင့် အကျယ် ၁၆ ပေ၊ အလျားပေ ၁၃၅၀ရှိ အောင်မေတ္တာလမ်းအား ရပ်ကွက်ပြည်သူများက ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခြင်းကို ဒီဇင်ဘာ၁၆ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(က–ပ)**

## အသက်(၁၀၀)ပြည့် မွေးနေ့ဆုတောင်း

အနန္တ ကျေးဇူးရှင် မိခင်ကြီး ဘွားအိမ်ပြည့်၏ ယနေ့ (၂၆–၁၂–၂၀၀၄ရက်) အသက်(၁၀၀)ပြည့် မွေးနေ့မှ ဇာတာအတိုင်း အသက်(၁၂၀)ရှည်ပါစေ။

ဒါန၊ သီလ၊ ဘာဝနာများကို ဆတက်ထမ်းပိုးအားထုတ် နိုင်ပြီး သား၊ သမီး၊ မြေး၊ မြစ်များအား လောကီ၊ လောကုတ္တရာ အဆုံးအမ၊ အကြံဉာဏ်များ ဆက်လက်ပေးဝေ နိုင်ရန် ဆုတောင်းမေတ္တာပို့လျက်–

**သား၊ သမီးများ**

**၁။ ဗိုလ်မှူးဉာဏ်စိုး(ဦးဇောတိက)**
**၂။ (ဒေါက်တာဉာဏ်ချစ်)**
**၃။ ဒေါ်ခင်ခင်ကြီး (B.A)**
**၄။ ဒေါ်ခင်ခင်ရီ (B.A, B.Ed)**
**၅။ ဒေါက်တာဉာဏ်မြင့်**
**၆။ ဒေါက်တာခင်ဖြူလှ**
**၇။ ဒေါ်ခင်ကြူမြတ်(ဆရာလေး ဒေါ်ခေမာစာရီ)**
**၈။ ဒေါက်တာခင်လှရီ**
**၉။ ဒေါက်တာခင်ဝင်းနွယ်**
**၁၀။ ဗိုလ်မှူးဉာဏ်ထွန်း (ညွှန်မှူး၊ အား/ကာ)**
**၁၁။ ဦးဉာဏ်လင်း Chief Engineer၊ ငြိမ်း၊(ဦးဝါသဝ)**


MERRY X'MAS & HAPPY NEW YEAR
နာရီဆိုလျှင် . . . ချယ်ရီဦး မှ . . .
မိတ်ဟောင်းမိတ်သစ်များအတွက် *Special Show Room*
အသစ်တစ်ခုထပ်မံဖွင့်လှစ်လိုက်ပါပြီ . . .
*Special Show Room* အသစ်မှ
လူကြိုက်များသည့် နာရီမျိုးစုံကို စုံလင်စွာ ခင်းကျင်းပြသထားပါတယ် . . .
ချယ်ရီဦး *Special Show Room* အသစ်၏ ထူးခြားချက်မှာ ပတ်ဝန်းကျင်နှင့် ရောထွေးမှုမရှိအောင် သီးသန့်ခန်းမအဖြစ် နိုင်ငံတကာအဆင့်မီ ပြင်ဆင်ထားပြီး စိတ်အေးချမ်းသာစွာဖြင့် ဝယ်ယူရရှိနိုင်ပါတယ် . . .
*Special Show Room* ၏ရှေ့တွင် လွယ်ကူစွာ သီးသန့်ကားရပ်နားရန် စီစဉ်ထားပါတယ် . .
တည်နေရာက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်းမကြီးပေါ်မှာ တည်ရှိပါတယ် . . .
– မိမိအတွက် – မိတ်ဆွေများအတွက် – မိမိဇနီး၊ သားသမီးများအတွက် – မိမိချစ်သူအား
အမှတ်တရနေ့ထူးနေ့မြတ်များတွင် ပေးရန်အတွက် သီးသီးသန့်သန့် စိတ်အေးချမ်းသာစွာ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ပါတယ် . . .
ဪ ဒီမှာ . . . နောက်တစ်ခု *Special Show Room* ကို
*Cherry Oo Royal Watch Gallery* လို့ အမည်ပေးထားပါတယ်
လိပ်စာက . . .
အမှတ်(၂၉၂)၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်မှာ တည်ရှိပြီး *Cherry Oo* နာရီအရောင်းပြခန်း(၁)နဲ့ နှစ်ဆိုင်ကျော်မှာ နိုင်ငံတကာအဆင့်မီစွာ ဖွင့်လှစ်ထားရှိပါတယ်။


## ဝယ်လို/ငှားလို

ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ယုဇနဉယျာဉ်မြို့တော်နှင့် စစ်တောင်းရိပ်မွန်ရှိ တိုက်ခန်းများ ရောင်း/ဝယ်/ငှားရမ်းလိုပါက ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါရန်။

**တိုက် ၁၈၊ အခန်း ၀၀၃၊**
**၃ လမ်း၊ A.block**
**ဖုန်း–၅၉၃၀၅၈။**


ကောသိပန်မိသားစုမှ ကျေးဇူးတင်လွှာ
၁၆–၁၂–၂၀၀၄ မှ ၂၅–၁၂–၂၀၀၄ အထိ တပ်မတော်ခန်းမ (ဦးဝိစာရလမ်း) တွင် ကျင်းပပြုလုပ်ခဲ့သော ပွဲတော်ကြီးတိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကြီးတွင် တစ်ခဲနက်ဝယ်ယူအားပေးကြသော မိတ်ပြည်သူများ၊ အရောင်းကိုယ်စားလှယ်ကြီးများနှင့် ကောသိပန်ကိုအားပေးကြသည့် ရပ်မိရပ်ဖများအားလုံးကို ကောသိပန်မိသားစုမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။
ကောသိပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု
မြတ်ချမ်းသာဆေးတိုက်
အမှတ် (၇၇)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် – ၅၁၀၃၆၇၊ ၅၁၀၆၁၇



ရွှေပုဇွန် အစအေးနှင့်ထိထိမျိုးစုံ



- ရန်ကုန်မြို့လယ်မှ မိနစ် (၂၀) အချိန်တိုအတွင်း ရောက်ရှိနိုင်သည့်နေရာ
- နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ်သော အခင်းအကျင်းနှင့် ဝန်ဆောင်မှု
- လုံခြုံစိတ်ချရသောကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
- တစ်နေ့တာ ပင်ပန်းနွမ်းလျနေသမျှ အပန်းပြေလန်းဆန်းစေမည့် စိတ်ကြည်နူးစရာလှပသောပန်းခြံ
- နို့နှင့်သစ်သီးတို့၏ ပင်ကို အရည်အသွေး အရသာကို ပေါ်လွင်စေမည့်အအေးမျိုးစုံ
- သန့်ရှင်းခေတ်မီ ကမ္ဘာ့အဆင့်အတန်းနှင့်အညီ ထုတ်လုပ်ထားသောမုန့်မျိုးစုံ
- ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သော သဘာဝအနံ့ အရသာနှင့်ပြည့်စုံသည့် ရွှေပုဇွန်ကော်ဖီ

SHWE PU ZUN CAFETERIA & BAKERY HOUSE ဆိုင်သစ်ကြီးတွင်
၂၀၀၅ ခုနှစ် ဇန်နဝါရီလ (၄)ရက်၊ လွတ်လပ်ရေးနေ့ နံနက် ၁၁း၂၉ နာရီအချိန်မှစတင်၍ ရောင်းချမည်ဖြစ်ပါကြောင်း လေးစားသူမိတ်ဆွေပြည်သူအပေါင်းအား သတင်းကောင်းပါးအပ်ပါသည်။

( ရွှေပုဇွန် Function Hall နှင့် Breakfast Corner များကိုလည်း မကြာမီ ဆက်လက်ဖွင့်လှစ်မည် ဖြစ်ပါသည်။ )

ဇန်နဝါရီလ (၅) ရက်နေ့မှစတင်၍ နေ့စဉ် - CAFETERIA - 9 :00 AM to 9:00 PM , BAKERY HOUSE - 8 :00 AM to 8:00 PM

၂၉- F ၊ မင်းနန္ဒာလမ်း ၊ ဒေါပုံမြို့နယ် (သာကေတကျောက်တိုင်အနီး) Tel - 95-1-547115,579725, Fax:95-1- 572079


26-12 (14).p65 1 3/29/05, 8:15 PM

# သီပေါမြို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စာကြည့်တိုက်ဖွင့် သုတစာအုပ်များနှင့် ဗလာစာအုပ်များပေးအပ်လှူဒါန်း



သီပေါ ဒီဇင်ဘာ ၁၅

**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ရေဟော်ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ရွှေဝတ်ရည် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁ရက် မွန်းလွဲ ၁နာရီက အဆိုပါဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ရေဟော်ကျောင်းတိုက် ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝါသဝအရှင်သူမြတ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးလှဌေးဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးစိုင်းသာလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)

အခမ်းအနားတွင် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးလှဌေးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းသာလှိုင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ထိန်းသိမ်းရေးနှင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးမြသန်း (ဇာနီဟိန်း-သီပေါ)က မျိုးဆက်သစ်လူငယ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်းများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ရွှေဝတ်ရည်စာကြည့်တိုက်အတွက် အလှူရှင်ပန်းထိမ်တောင် ရပ်နေ ဦးရွှေမြတ်-ဒေါ်မမကြီးနှင့် မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးဝင်းတို့က တန်ဖိုးငွေကျပ် ၆၀၀၀၀ ကျော် တန်ဖိုးရှိ ရေကမ္ဘာသုတစာအုပ်များနှင့် ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ **(၃၀၆)**

## ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်



**နိုဝင်ဘာ ၁၁ ရက်က မကွေးတိုင်း ခရိုင်ချင်းဆက်လမ်းတွင် အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော ဆင်ပေါင်ဝဲ အပိုင်းကို စက်ယန္တရားများ အသုံးပြုဆောင်ရွက်မှုအား မကွေးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

ဒိုက်ဦး ဒီဇင်ဘာ ၂၀

**ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စုပေါင်းဖွင့်လှစ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

### ရည်ရွယ်ချက်ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးဒေါ်ခင်စန်းဦးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)**

### ပေးအပ်လှူဒါန်း

ထို့နောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှပေးပို့လှူဒါန်းသော သုတ၊ ရသစာအုပ် ၂၂၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှ မဂ္ဂဇင်းစာစောင်အုပ် ၁၀၀၊ စေတနာရှင်များက မဂ္ဂဇင်းအုပ်ရေ ၇၀တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုများကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



# တာချီလိတ်မြို့နယ်တွင် နွေစပါးရေရရှိရေး နမ့်လောက် ရေပေးတူးမြောင်းရှင်းလင်း

**တာချီလိတ် ဒီဇင်ဘာ ၁၇**

တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၂ရက်က ဖန်ပင်ကျေးရွာအုပ်စုရှိ နွေစပါးရေရရှိရေးအတွက် နမ့်လောက်ရေလွှဲဆည် ရေပေးတူးမြောင်းကို စက်ယန္တရားများဖြင့် နုန်းဆယ်မြောင်းရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။**(အောက်ပုံ)**

ထိုသို့ ရေပေးတူးမြောင်း ပြုပြင်ဆောင်ရွက်ပေးသဖြင့် နွေစပါး လယ်ဧက ၂၀၀ ကို သောက်သုံးရေ အပြည့်အဝရရှိနိုင်မည်ဖြစ်ကြောင်းကို ဆည်မြောင်း ဦးစီးဌာန ဦးစီးမှူး ဦးဝေလွင်က ရှင်းလင်းတင်ပြရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လိုအပ်ချက်များကို တောင်သူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**





## ပန်းအလှပင် စိုက်ပျိုး

**ဟုမ္မလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဟုမ္မလင်းမြို့ လေဆိပ်အဝင်လမ်းဆုံ၌ ပန်းအလှပင်များ စိုက်ပျိုးမှုကို နိုဝင်ဘာ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဝေဖြိုးနောင်တို့ ကွင်းဆင်း ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## တန့်ယန်းမြို့တွင်းလမ်း ချောမွေ့စေရေးဆောင်ရွက်

**တန့်ယန်း ဒီဇင်ဘာ ၁၄**

တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တန့်ယန်းမြို့တွင်းလမ်းများ ချောမွေ့စေရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ရက်က ဦးအောင်မြတ်လမ်းတွင် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းနုတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

# မိုင်းတုံမြို့နယ် ဖာချယ်-ဟောင်လီသွား ကျေးလက် ကျောက်ချောလမ်းပြုပြင်

**မိုင်းတုံ ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အဖွဲ့ ရန်ပုံငွေဖြင့် ဖာချယ်-ဟောင်လီသွား ကျေးလက် ကျောက်ချောလမ်း ပြုပြင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၅ရက်က ဆောင်ရွက်ရာ မြို့နယ် အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးတင်မြင့်တို့က ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(ယာပုံ)**

**(မြို့နယ်စည်ပင်)**





## လှိုင်ကော်မြို့တွင် စုပေါင်းဘုံကထိန်ပွဲကျင်းပ

**လှိုင်ကော် ဒီဇင်ဘာ ၁၀**

ကယားပြည်နယ် လှိုင်ကော်မြို့ စုပေါင်းဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတောင် ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြပြီး ရွှေတောင် ဆရာတော်ထံ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ထွန်းက ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် ရွှေတောင် ဆရာတော်ထံမှ ကထိန်အနုမောဒနာတရားတော် နာယူပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ(၁၅)ကြိမ်မြောက် စုပေါင်းဘုံကထိန် အလှူတော်မင်္ဂလာပွဲတွင် စုစုပေါင်းငွေ ၃၇၈၃၆၄၆ ကျပ် တန်ဖိုးရှိ ပဒေသာပင် ၆၉ ပင်အား ကယားပြည်နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၅၀ သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

## ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူရှင်များက ငွေကျပ် ၃၁ သိန်းကျော် ပေးအပ်လှူဒါန်း

ညောင်တုန်း ဒီဇင်ဘာ ၁၀

**ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။**

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်က အဖွင့်အမှာစကား ပြောကြားပြီး ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်က ပြည်သူ့ဆေးရုံ ဆေးပဒေသာပင် အလှူငွေ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို လည်းကောင်း၊ လက်ထောက် ဆရာဝန် ဒေါက်တာ မခိုင်ရဲနောင်က ချို့တဲ့နွမ်းပါးသူများအတွက် ဆေးပဒေသာပင် အတိုးအညွန့်မှ ကျခံသုံးစွဲမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။



**ပြန်လည်ပေးအပ်**

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက် ကျေးရွာဥက္ကဋ္ဌများ၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ လက်ထောက်ဆရာဝန် ဒေါက်တာမခိုင်ရဲနောင်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာမိုးထွန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

**ပေးအပ်လှူဒါန်း**

ယင်းနေ့က ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူရှင်များက စုစုပေါင်းငွေကျပ် ၃၁၁၇၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝ၉၈)**

## စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြော

**ငပုတော ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက် ည ၇ နာရီက ခမ္မိကရာမ ကျောင်းပရဝဏ်၌ ကျင်းပသည်။

ရှေးဦးစွာ ငရုတ်ကောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားပြီး စာပေဟောပြောပွဲ ဖြစ်မြောက်ရေးအလှူရှင် ဦးမြမောင်က စာပေဟောပြောပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာ အောင်သင်း ဂီတာဖေဝင်း၊ အဏ္ဏဝါစိုးမိုးနှင့် မကွေးလှမြင့်တို့က စာပေရေးရာများကို ဟောပြောကြကြောင်း သိရသည်။ **(က-ပ)**

## စာအုပ်များလှူဒါန်းနိုင်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၂**

မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် မွန်းစကျေးရွာ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများတွင် တောင်ငူ အေးရိပ်သာနှင့် ရန်ကုန် ပြည့်စုံအေးရိပ်သာ ပဓာန နာယက ဘဒ္ဒန္တ သုဇာတ ဆရာတော်မှကြီးမှူး၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဆရာ ဆရာမများက စာကြည့်တိုက် ဖွင့်လှစ်မည်ဖြစ်ရာ သတင်းစာများ၊ မဂ္ဂဇင်းစာအုပ်များ၊ စာစောင်အမျိုးမျိုးနှင့် ဘာသာရေးစာအုပ်များ၊ ပညာပါရမီ၊ အသိဉာဏ်ပါရမီဖြစ်စေရန် လှူဒါန်းလိုသူများသည် တောင်ငူ အေးရိပ်သာ ဖုန်း-၀၅၃-၂၃၄၆၁၊ ရန်ကုန် ပြည့်စုံအေးရိပ်သာ ဖုန်း-၀၁-၆၉၀၀၃၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## အမြို့မြို့ အနယ်နယ် သတင်းများ



## ကျောင်းကုန်းမြို့နယ် ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲဖွင့်

**ကျောင်းကုန်း ဒီဇင်ဘာ ၁၀**

၂၀၀၄ ခုနှစ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက ကျောင်းကုန်းမြို့နယ် ပြည်သူ့ အားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြိုင်ပွဲဝင်အသင်း ၁၆ သင်းက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်၍ ကွင်းဖွင့်ပွဲအဖြစ် အမှတ်(၁)ရပ်ကွက် ဘောလုံးအသင်းနှင့် ကျန်းမာရေးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးအသင်းက ရှစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(၂၆၅)**

## အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား လားရှိုးမြို့၌ ကျင်းပ

လားရှိုး ဒီဇင်ဘာ ၁၂

**၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက အဖွင့်အမှာစကား ပြောကြားပြီး တွဲဖက်ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်းက ဟောပြောပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ခုခံအား ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာလှမြင့်က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောသည်။ ထို့နောက် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ပန်းချီ၊ ကာတွန်းပြိုင်ပွဲဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**ဒီဇင်ဘာ ၁ ရက်က ဗိုလ်ချုပ်အောင်ဆန်းဈေး ဈေးသာယာရေးအဖွဲ့နှင့် ဈေးသူဈေးသားများက မြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ နစ်ဆန်းမိုင်ခရိုဘတ်စ် မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရပ်ရှင်သရုပ်ဆောင်) တို့က လက်ခံရယူစဉ်။** (က-ပ)



**ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရင့်နောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)



## စဉ့်ကူးမြို့နယ် မြို့ပြလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**စဉ့်ကူး ဒီဇင်ဘာ ၁၀**

စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ဧရာအောင်မြေ (၃)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့က ကြီးကြပ် ဆောင်ရွက်ရာ လုပ်ငန်းများ ပြီးစီးပြီဖြစ်သော အဆိုပါကတ္တရာလမ်းမှာ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ ရှိကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၅

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇) ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် ညပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

*စာမျက်နှာ ၆ ကော်လံ ၄* ■



# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ ပြည်သူ့အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက် အသင်းကြီး၏မွန်မြတ်သည့်ဦးတည်ချက်၊ ရည်ရွယ်ချက်လုပ်ငန်းစဉ်များ ပြည်သူအတွင်း ယုံကြည်သက်ဝင်ပျံ့နှံ့နေ

ရန်ကုန် ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၈)ရပ်နှင့် စစ်ကိုင်းတိုင်းအတွင်းဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ဦးတည်ချက်များ

*စာမျက်နှာ ၁၀ ကော်လံ ၁* ●

## ဆေး သုတေသန ဦးစီးဌာန (အထက်မြန်မာပြည်)

ဒီဇင်ဘာ ၂၃ ရက်က ကျန်းမာရေး ဝန်ကြီးဌာန ဆေးသုတေသန ဦးစီးဌာန(အထက် မြန်မာပြည်) အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)



## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး